ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ တနင်္လာနေ့။ Monday, 27 February 2023 ၁၁၀၂၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသီရိအား ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နန္ဒာရာမပရိယတ္တိစာသင်တိုက် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့် သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**

**ယနေ့ ဖတ်စရာ**

**အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ** စာမျက်နှာ » ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ နှစ်တာကာလ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ** ဆောင်းပါး စာမျက်နှာ » ၈

**စနစ်၊ စံ၊ ရလဒ်** ဆောင်းပါး စာမျက်နှာ » ၁၁

**ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၀၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ** စာမျက်နှာ » ၁၂

**သီရိလင်္ကာနိုင်ငံက ကမ္ဘာလှည့်ခရီးသွားများအား အထောက်အကူဖြစ်စေမည့် ခရီးသွားမိုဘိုင်းအက်ပလီကေးရှင်း တစ်ခု ဝန်ဆောင်မှုပေးမည်** စာမျက်နှာ » ၁၃

ကြေးမုံ

# လူသားအရင်းအမြစ်များဖြင့် နိုင်ငံတော်အကျိုး သယ်ပိုး

နိုင်ငံတော်ရှေ့လုပ်ငန်းစဉ်၏ ဒုတိယအချက်ဖြစ်သည့် “တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်” အချက်သည် ပြည်သူလူထုအကျိုးစီးပွားအတွက် ဦးစားပေးရည်မှန်းချက်ဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ၌ တည်ငြိမ်အေးချမ်းရေးသည် အဓိကကျသဖြင့် ယင်းအချက်ကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ကျေးလက်နေပြည်သူအားလုံးသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ စားရေရိက္ခာဖူလုံရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများသည် အဓိကကျသဖြင့် ယင်းတို့ကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်ရာ၌ ကျွမ်းကျင်သည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အစဉ်အဆက်ဆောင်ရွက်ခဲ့သော်လည်း ခေတ်မီနည်းကျ ဆောင်ရွက်နိုင်မှုအားနည်း၍ အောင်မြင်မှု၌ လိုအပ်ချက်များရှိနေသေးသည်။

ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်သည့် လူသားအရင်းအမြစ်များရရှိစေရေးအတွက် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။ ကျောင်းသားကျောင်းသူအားလုံး ပညာသင်ကြားရေးကို ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေ၌ ကျောင်းများဖွင့်လှစ်ဆောင်ရွက်နေသော်လည်း အချို့သောဒေသများရှိကျောင်းသား ကျောင်းသူများအနေဖြင့် လုံခြုံရေးအရ၊ စီးပွားရေးအရ ပညာသင်ကြားနိုင်ရန် အခက်အခဲများရှိနေရာ အဆိုပါ ကျောင်းသား ကျောင်းသူများ လာမည့်ပညာသင်နှစ်တွင် ပညာဆက်လက်သင်ကြားနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြီးခဲ့သည့်နှစ်များက ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအခက်အခဲများကြားမှ ကျောင်းသား ကျောင်းသူများအနာဂတ်အတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ရေး မဖြစ်မနေဆောင်ရွက်ပေးခဲ့သည်။ အခက်အခဲများကြားမှ ကျောင်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးထားရာ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းနေနိုင်ရေးကို တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူလူငယ်များသည် အနာဂတ်အတွက် အားထားရမည့်မျိုးဆက်များဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံကာ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာအောင်ဆောင်ရွက်ရာ၌ ကျောင်းသား ကျောင်းသူများသည် အခြေခံကျသည့် အရင်းအမြစ်များဖြစ်သည်။

စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာနိုင်ရန်အတွက် လူသားအရင်းအမြစ်များမွေးထုတ်ရေးအစီအမံကို အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ နိုင်ငံ့တာဝန်ယူချိန်၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ခရိုင်ပေါင်း ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာဘာသာရပ်များ သင်ကြားပေးသွားမည်ဖြစ်သည်။ ပညာရည်မြင့်မားလာစေရန် နိုင်ငံသားတိုင်း KG+9 အထိ သင်ယူပြီးမြောက်စေရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ အခြေခံပညာပြီးဆုံးသည့်အချိန်တွင် ပညာသင်ယူခဲ့သော ကျောင်းသားကျောင်းသူများအနက် ထူးချွန်သူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကောလိပ်နှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက် ပညာဆည်းပူးနိုင်မည်ဖြစ်သည်။

မျိုးဆက်သစ် လူငယ်လူရွယ်များသည် ပညာသင်ကြားရမည့်အရွယ်များဖြစ်သည်။ ပညာမသင်ကြားနိုင်ပါက စိတ်လေလွင့်၍လည်းကောင်း၊ စည်းရုံးသိမ်းသွင်းခံရ၍လည်းကောင်း မမှန်ကန်သည့်လမ်းမှားများပေါ်သို့ ရောက်ရှိသွားနိုင်သည်။ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း စိုးရိမ်ပူပန်မှုများဖြစ်ကြရမည်။ နိုင်ငံတော်အတွက် အားထားရမည့် လူသားအရင်းအမြစ်များ အဟောသိကံဖြစ်နိုင်သည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်း ကျောင်းများဖွင့်လှစ်နိုင်ပြီး အရွယ်ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေး၊ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အချက်ဖြစ်သည့် စီးပွားရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကို အထောက်အပံ့ကောင်းများပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ စိန်ရာဇာသာသနာလင်္ကာရစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ယဉ်ငေးရိပ်သာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဍိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မဇောတိကာရ ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မာလင်္ကာရကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ ပြဿဒ် ကျောင်းတိုက်နှင့် ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဓမ္မဝါသီကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဗောဓိမဏ္ဍိုင်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရောဝတီပရဟိတ ဟင်္သာတရွှေကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိ ရွှေအိုးရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ အောင်မင်္ဂလာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သံလွန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော် သံဃာတော်များအတွက် တာဝန်ရှိသူများ သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးခင်မောင်ထွဋ်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျသိဒ္ဓိရပ်ကွက် လမ်းသပြေကုန်း ရွာဦးကျောင်းတိုက် ဆရာတော်၊ သံဃာတော်များအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။



### ဆက်ကပ်လှူဒါန်း

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရှေးဟောင်းသမိုင်းဝင်ပေါ်ကြို(မုဌော)စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပမည်

သီပေါ ဖေဖော်ဝါရီ ၂၆

ထင်ရှားကျော်ကြားသည့် ရှေးဟောင်းသမိုင်းဝင်ပေါ်ကြို(မုဌော) စေတီတော်မြတ်ကြီး၏ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၁၀ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဌောစေတီတော်မြတ်ကြီးသည် ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် သီပေါမြို့နယ် ပေါ်ကြိုကျေးရွာ၌ တည်ရှိပြီး နေ့စဉ် ဘုရားဖူးပရိသတ်များဖြင့် စည်ကားလျက်ရှိသော ရှမ်းပြည်နယ်မြောက်ပိုင်း၏ထင်ရှားကျော်ကြားသည့် သမိုင်းဝင်စေတီတော်မြတ်ကြီး တစ်ဆူဖြစ်သည်။ ယခုနှစ်ဘုရားပွဲတော်တွင် စံကားသားဖြင့် ထုလုပ်ပူဇော်ထားသည့် ရှေးဟောင်းပုဂံခေတ်လက်ရာ ဗုဒ္ဓဆင်းတုတော်လေးဆူတို့အား ဘုရားဖူးလာရောက်ကြသူများ ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေးအတွက် ဂန္ဓကုဋိတိုက်တော်အတွင်းရှိ မုခ်လေးမုခ်မှ ပြင်ပသို့ ဖေဖော်ဝါရီ ၂၇ ရက်၌ ပင့်ဆောင်ပူဇော်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။ ၂၁၀


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၃၂၀၊ ဖက်စ် ၀၆၇-၃၆၁၃၃
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ရှိ နန္ဒာရာမ ပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသီရိအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာ စေတီတော်မြတ်ကြီးကို ဖူးတွေ့ရစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လောကာနန္ဒာ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**❂ ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာ ဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးရှိ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က စေတီတော်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော်ကြီးအတွင်းလိုဏ်ဂူ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး စေတီတော်ကြီးကို လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညို၍ စေတီတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စကြာမုနိသိမ်တော်မြတ်ကြီးအတွင်းရှိ စကြာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စကြာမုနိသိမ်တော်မြတ်ကြီးနှင့် စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများ မြင့်တက်လာစေရေး စဉ်ဆက်မပြတ် ကြိုးစားအားထုတ် တစ်ဦးချင်းစွမ်းရည်များကိုအသုံးချ၍ တပ်မတော်တစ်ရပ်လုံး စွမ်းရည်ရှိအောင်ဆောင်ရွက်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်ရှိ အရာရှိ၊စစ်သည်၊မိသားစုများအား နယ်မြေခံတပ်နယ် ခန်းမ၌ သွားရောက်တွေ့ဆုံအမှာစကားပြောကြား သည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ် ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ် ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

## နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် စစ်တွေတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ အားလုံးကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါ ကြောင်း၊ နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေ များအရ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရသည့် အခြေအနေမှန်များကို အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိနေရမည်ဖြစ် ကြောင်း ဦးစွာပြောကြားပြီး နိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားလျက်ရှိ သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင် ရေး တပ်မတော်မှ ဦးဆောင်ခဲ့သည့် အခြေအနေ များနှင့် ၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းခဲ့သည့် အခြေအနေများ၊ ဒီမိုကရေစီ အစိုးရသက်တမ်း နှစ်ခုတွင် တပ်မတော်အနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး လိုအပ်သည်များကိုလည်း အကြံပြုခဲ့သည့် အခြေ အနေများ၊ ဒီမိုကရေစီအစိုးရဒုတိယသက်တမ်းကာလ တွင် စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ အားနည်း ချက်များရှိခဲ့ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်သင့်သလောက် မဖြစ်ခဲ့ရသည့်အခြေအနေများ၊ ပြည်သူလူထုမှ မျှော်လင့်သလောက် ဖွံ့ဖြိုးတိုးတက် မှုမရှိခဲ့၍ ရွေးကောက်ပွဲအပေါ် အယုံအကြည်မဲ့ လာပြီး No Vote လှုပ်ရှားမှုများ ပေါ်ပေါက်လာသဖြင့် ပါတီစုံဒီမိုကရေစီစနစ် ဆက်လက်ထွန်းကားရေး မိမိ ကိုယ်တိုင် ဆန္ဒမဲပေးကြရေးအတွက် ပြောကြားခဲ့ရ သည့်အခြေအနေများ၊ တစ်ဖက်အဖွဲ့အစည်းအနေဖြင့် လည်း ၎င်းအခြေအနေများကြောင့် မဲအနိုင်မရမည်ကို စိုးရိမ်ပြီး ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက် ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများ နှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ် လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံ ရေးအရ အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်း ဆောင်ရွက်နေမှု အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကို သင်ခန်းစာ ယူပြီး လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ

- ❒ **စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ကာ စည်းကမ်းလိုက်နာမှုရှိပြီး အမိန့်နာခံမှုရှိမှသာလျှင် စစ်သားကောင်းတစ်ယောက်ပီသမည်ဖြစ်ကြောင်း**
- ❒ **နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးပြီး စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်မည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

မှန်ကန်မှုရှိစေရေးအတွက် မြေပြင်စာရင်းကောက်ယူ ခြင်းလုပ်ငန်းများအပါအဝင် လုပ်ငန်းစဉ်များအတိုင်း စနစ်တကျ စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေ များ၊ မည်သည့်နိုင်ငံဖြစ်စေ အမြဲမပြတ်ကြိုးပမ်း အားထုတ်နေမှသာလျှင် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့်အခြေအနေများကြားမှ နိုင်ငံ ရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## စစ်စည်းကမ်းနှင့် အမိန့်နာခံမှု ကောင်းမွန်ရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မည်သည့်အစိုးရက အုပ်ချုပ်သည်ဖြစ်စေ တပ်မတော် အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုး စီးပွားကိုသာ အစဉ်ဦးထိပ်ထား၍ ဆောင်ရွက်လျက်ရှိ သည့် အခြေအနေများကို အရာရှိ၊ စစ်သည်၊ မိသားစု သိရှိနိုင်ရန် ယခုကဲ့သို့ အကျယ်တဝင့် ရှင်းလင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ အနေဖြင့် မိမိတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ကိုယ်ရည်ကိုယ်သွေးများ မြင့်တက်လာစေရေး စဉ်ဆက်မပြတ် ကြိုးစားအားထုတ်နေရမည်ဖြစ် ကြောင်း၊ တပ်မတော်အနေဖြင့် စစ်သည်တစ်ဦးချင်း၏ အရည်အသွေးများ မြင့်မားစေရေး၊ အဆင့်နှင့်လျော်ညီ သည့် အတတ်ပညာနှင့် ပညာရပ်များ ရရှိစေရေး သက်ဆိုင်ရာ အဆင့်အလိုက် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိသကဲ့သို့ စစ်သည်များအနေဖြင့် လည်း ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ **စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ကာ စည်းကမ်းလိုက်နာမှုရှိပြီး အမိန့်နာခံမှုရှိမှသာလျှင် စစ်သားကောင်းတစ်ယောက်ပီသမည်ဖြစ်**ကြောင်း၊ **နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ကို ထမ်းဆောင်ရာတွင် အမိန့်နာခံမှုရှိခြင်းသည် အလွန်အရေးကြီးပြီး စည်းကမ်းကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်**ကြောင်း၊ စည်းကမ်းကောင်းမွန်ခြင်း သည် အမိန့်နာခံမှုရှိခြင်းပင်ဖြစ်ကြောင်း၊ စည်းကမ်း များထုတ်ပြန်ထားရှိခြင်းသည် မည်သည့်လုပ်ငန်း ကိုမဆို စည်းစနစ်တကျ ဆောင်ရွက်တတ်စေရန်နှင့် မဖြစ်သင့်သည်များကို

**စာမျက်နှာ ၅ သို့** ❖

❖ စာမျက်နှာ ၄ မှ

မဖြစ်စေရန် ထုတ်ပြန်ထားခြင်းဖြစ်ပြီး အကြောင်းမဲ့ တင်းကျပ်ထားခြင်း မဟုတ်သည်ကို နားလည်သဘောပေါက်ရန်လိုကြောင်း၊ စည်းကမ်းလိုက်နာခြင်းဖြင့် မိမိကိုယ်ကို မြှင့်တင်ရမည်ဖြစ်ကြောင်း။

### လူသာလျှင် ပဓာန

မည်သည့်ကိစ္စတွင်မဆို လူသာလျှင် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် "လူသာလျှင် ပဓာန" ဟု ဆိုကြခြင်းဖြစ်ကြောင်း၊ **နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အရေးကိစ္စအားလုံး၌ လူပါဝင်ဆောင်ရွက်ရပြီး လူ၏ဦးဆောင်မှု၊ လူ၏ လိုက်နာဆောင်ရွက်မှု၊ လူ၏ပြုပြင်ဖန်တီးမှုတို့သည် အဓိကကျကြောင်း၊ ထို့ကြောင့် လူတစ်ဦးချင်း အရည်အသွေး၊ အရည်အချင်းမြင့်မားနေစေရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း။

ထို့ကြောင့် မိမိဘဝတိုးတက်ရေးအတွက် မိမိသာလျှင် အဓိကအရေးအကြီးဆုံးဖြစ်ကြောင်း၊ တပ်မတော်သားတစ်ဦးအနေဖြင့်လည်း အရည်အသွေး၊ အရည်အချင်းများကောင်းမွန်အောင် နေထိုင်ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ တပ်မတော်သားများအားလုံးသည် အခြေခံအားဖြင့် စစ်အတတ်ပညာများ သင်ကြားပေးပြီးဖြစ်ကြောင်း၊ တိုက်ပွဲဝင်နိုင်ရန်အတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ထုတ်ပေးထားသည့် လက်နက်များကိုလည်း ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရန် လိုကြောင်း၊ တပ်မတော်သားကောင်းများဖြစ်စေရေး တပ်မတော်မှ အဆင့်ဆင့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ကြောင်း၊ စစ်အတတ်ပညာများကို စစ်စည်းကမ်း ကောင်းမွန်စေရန်နှင့် အမိန့်နာခံတတ်မှုရှိစေရန် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းလိုက်နာပြီး မိမိအရည်အသွေးကို အမြဲထက်မြက်နေစေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### မိမိကိုယ်ကိုမိမိ မြှင့်တင်ရမည်၊ ဦးစီးခေါင်းဆောင်များ ညီညွတ်မျှတသည့် ကွပ်ကဲအုပ်ချုပ်မှုရှိရမည်

မိမိတို့တစ်ဦးချင်း၏ ကိုယ်စီတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် ကျန်းမာကြံ့ခိုင်မှုရှိရန်နှင့် လေ့ကျင့်မှုများကို ပုံမှန်ဆောင်ရွက်နေရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်မှုရှိရန်အတွက် မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်းနေပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် သွားလာနေထိုင်စားသောက်မှုရှိရမည်ဖြစ်ကြောင်း၊ **လူတို့တွင် တစ်ဦးချင်း၏ အရည်အသွေးတိုးတက်ရန်မှာ မိမိကိုယ်တိုင်နှင့်ပင် တိုက်ရိုက်သက်ဆိုင်သည်ဖြစ်သဖြင့် မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်နိုင်ရန်လို**ကြောင်း၊ မိမိကိုယ်ကို ယုံကြည်မှုရှိစွာဖြင့် ကြိုးစားအားထုတ်မည်ဆိုပါက မိမိတို့တစ်ဦးချင်းစီ၏ လူမှုဘဝများသည်လည်း မြင့်တက်လာမည်ဖြစ်ကြောင်း၊ လူတစ်ဦးနှင့် တစ်ဦးသည် ဘဝဖြတ်သန်းပုံခြင်းတူညီမှုရှိမည်မဟုတ်သော်လည်း **တပ်မတော်သားအများစုသည် အများနှင့် နေထိုင်သွားလာရသည်ဖြစ်သဖြင့် မိမိ၏ အထက်အရာရှိများ၊ လုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများထံမှ ကောင်းမွန်သည့် အချက်များ၊ အတွေ့အကြုံများကို လေ့လာသင်ယူ၍ မိမိဘဝတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးချရမည်ဖြစ်**ကြောင်း၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဖေးမဆောင်ရွက်ရန်လိုပြီး မဖြစ်သင့်သည် မလုပ်သင့်သည်များကို အချင်းချင်းတည့်မတ်ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်သည့်သူများအနေဖြင့်လည်း မိမိတို့ဦးဆောင်ရသည့် တပ်ဖွဲ့ကို ညီညွတ်မျှတစွာ ကွပ်ကဲအုပ်ချုပ်ရန်လိုပြီး တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်ဖြင့် အုပ်ချုပ်ရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်ပြုနေသူများအနေဖြင့် မိမိတို့၏ မိသားစု၊ မိမိတို့၏ တပ်နှင့် မိမိတို့ပတ်ဝန်းကျင်ကို ကောင်းမွန်သည့် ထိန်းသိမ်းမှုများ ပြုကြရန်လိုကြောင်း။

### တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကုန်စျေးနှုန်းကြီးမြင့်မှုအခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့်နည်းတူ မိမိတို့နိုင်ငံ၌လည်း ကုန်စျေးနှုန်းကြီးမြင့်မှုကို တွေ့ကြုံရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေနှင့်မြေများ၊ သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များရှိသော်လည်း စဉ်ဆက်မပြတ် ကြိုးစားလိုစိတ်နှင့် အလုပ်လုပ်ကိုင်လိုမှုအားနည်းခြင်းကြောင့် တိုးတက်မှုများ နောက်ကျလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်၍ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၌ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကို အောင်မြင်အောင် စဉ်ဆက်မပြတ် အကောင်အထည်ဖော်စေခြင်းမှာလည်း စားရေးသောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ရန်အတွက် ဖြစ်ကြောင်း၊ **တပ်ရင်း၊ တပ်ဖွဲ့များရှိ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူ တစ်ဦးအား စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့သဖြင့် အခက်အခဲများဖြစ်ပေါ်ချိန်တွင် အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းဖြစ်**ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း။

### ပညာရည်မြင့်မားရေး အားပေးမြှင့်တင်ရမည်

မိမိတို့ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက်ကိုလည်း အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိရှိ အသုံးချနိုင်စေရေးအတွက် ယခင်စာသင်နှစ် သင်ခန်းစာများကို ပြန်လည်ဖတ်မှတ်စေခြင်း၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ စာပေဖတ်မှတ်လေ့လာတတ်သည့် အလေ့အကျင့်ကောင်းများကို ဘဝတစ်လျှောက်လုံး ရရှိသွားအောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ စစ်သည်များအနေဖြင့်လည်း မိမိတို့၏ အတန်းပညာများ မြင့်မားရေးအတွက် တပ်မတော်ပညာရေးကျောင်းများတွင် မှန်မှန်ကန်ကန် တက်ရောက်သင်ကြားသွားရန်လိုကြောင်း၊ **တပ်မတော်သားများ၏ တစ်ဦးချင်း စွမ်းရည်တိုးတက်ပြီး စစ်လက်နက်ပစ္စည်းများ၏ စွမ်းအားနှင့် စွမ်းပကားမြင့်မားအောင် ဆောင်ရွက်နိုင်မည်ဆိုပါက တပ်မတော်အင်အားရှိမည်ဖြစ်**ကြောင်း၊ တစ်ဦးချင်း စွမ်းရည်များကိုအသုံးချ၍ တပ်မတော်တစ်ရပ်လုံးစွမ်းရည်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

### စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

- ❖ **လူတို့တွင် တစ်ဦးချင်း၏ အရည်အသွေးတိုးတက်ရန်မှာ မိမိကိုယ်တိုင်နှင့်ပင် တိုက်ရိုက်သက်ဆိုင်သည်ဖြစ်သဖြင့် မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်နိုင်ရန်လို**
- ❖ **တပ်မတော်သားအများစုသည် အများနှင့်နေထိုင်သွားလာရသည်ဖြစ်သဖြင့် မိမိ၏အထက်အရာရှိများ၊ လုပ်ဖော်ကိုင်ဖက်များ၊ လက်အောက်ငယ်သားများထံမှ ကောင်းမွန်သည့်အချက်များ၊ အတွေ့အကြုံများကို လေ့လာသင်ယူ၍ မိမိဘဝတိုးတက်ရေးအတွက် အကျိုးရှိရှိအသုံးချရမည်**
- ❖ **တပ်ရင်း၊ တပ်ဖွဲ့များရှိ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့သဖြင့် အခက်အခဲများဖြစ်ပေါ်ချိန်တွင် အောင်မြင်စွာကျော်လွှားနိုင်ခဲ့ခြင်းဖြစ်**



# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက ဆောင်ရွက်တော်မူသည်။

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောဏ္ဍညကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာဘိဝံသ ကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ယင်းနောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးပထမပိုင်းကို ရပ်နားလိုက်သည်။

မွန်းလွဲ ၁ နာရီတွင် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

## ပြန်ကြားလျှောက်ထား

ထို့နောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေး ဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ ကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လကလည်းကောင်း၊ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစာရ ကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ပဥ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသက အတည်ပြုချက်ရယူပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းနှင့် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်)ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ ဒါယိကာမ ဓမ္မမိတ်ဆွေများက ပဥ္စတိံသတိမ(၃၅)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သံလွင်တံတား(တာဆန်း) တံသားသစ်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

လင်းခေး ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက လင်းခေးခရိုင် အတွင်းရှိ တံတားအထူးအဖွဲ့ (၄) ရှင်းလင်းဆောင်ခန်းမ၌ သံလွင်တံတား(တာဆန်း)တံတားအသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



## အရေးပါ

သံလွင်တံတား(တာဆန်း)သည် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကို ဆက်သွယ်ထားသော နမ့်စန်-မိုးနဲ- မိုင်းတုံ- မိုင်းဆတ်လမ်း (၁၈၄/KM – ၁၈၅ /KM ) ကြားတွင် တည်ရှိ၍ သံလွင်မြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်သည်။ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဖြစ်သော တာချီလိတ်မြို့နှင့် ဆက်သွယ်ထားသော လမ်းဖြစ်သောကြောင့် နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အလွန်အရေးပါသော တံတားတစ်စင်း ဖြစ်ကြောင်း၊ သံလွင်မြစ်ကူးတံတား ကြိုးတံတား (တာဆန်း)ကို ၁၉၉၆-၁၉၉၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး အသုံးပြုခဲ့ရာ ယခုအချိန်အထိ တံတားသက်တမ်းသည် နှစ် ၂၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။

ကြိုးတံတားအား တံတားဦးစီးဌာနမှ ပုံမှန်စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်း၍ လက်ရှိကြိုးတံတား အခြေအနေအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ တံတားသက်တမ်းကြာမြင့်လာသည်နှင့်အမျှ တံတားခံနိုင်ဝန်မှာ လျော့ကျလာကြောင်း မှတ်ချက်ပြုလာသဖြင့် တံတားခံနိုင်ဝန်အား ယခင်က တန် ၃၀ ခွင့်ပြုခဲ့ရာမှ ၁၆ တန်အထိသာ လျှော့ချခွင့်ပြုခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုလျင်မြန်ချောမွေ့လာစေရေး အတွက် တန် ၆၀ ခံနိုင်သော တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သံလွင်တံတား (တာဆန်း) တံတားသစ်အဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်း စီမံကိန်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး တံတားအရှည် ၈၇၅ ဒသမ ၅၇ ပေ၊ တံတားအုတ်မြစ်၊ ကိုယ်ထည်၊ အပေါ်ထည်၊ ယာဉ်သွားလမ်းအကျယ် ၂၇ ပေ ၁၀ လက်မဖြစ်ပြီး ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေကျပ် ၄၉၃၄ သန်း ပြည်ထောင်စုရန်ပုံငွေဖြင့် သံလွင်မြစ်ကိုဖြတ်ကျော်၍ ခန့်မှန်း၂၀၂၅ ခုနှစ်တွင် ပြီးစီးမည်ဟု သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ်၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

ပင်လောင်း ဖေဖော်ဝါရီ ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စင်းတောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေများဖြင့် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် စင်းတောင်းကျေးရွာတွင် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၂ ပေ၊ ဒု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် သိန်း၂၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း၂၃၀ ကို အသုံးပြုကာ ဇန်နဝါရီလ ပထမအပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အကျိုးပြုအိမ်ခြေ ၂၃၈ အိမ်၊ လူဦးရေ ၁၁၂၃ ဦးကို အကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

ဂျူ

# အလံတစ်ရာစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**သထုံ ဖေဖော်ဝါရီ ၂၆**

မွန်ပြည်နယ် သထုံမြို့နယ် ဇရစ်ချောင်ကျေးရွာ အလံတစ်ရာကုန်းတော်၌ တည်ထားကိုးကွယ်တော်မူသော အလံတစ်ရာ စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက စေတီတော်မြတ်ကြီး၏ ဓမ္မာရုံတော်၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလံတစ်ရာစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များက ဩဝါဒကထာများ ချီးမြှင့်ပေးတော်မူကြပြီး လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို မင်္ဂလာအချိန်၌ မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ကာ စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

အလံတစ်ရာ မဟာသောဏ္ဍာယ ဆံတော်ရှင်စေတီတော်မြတ်ကြီးသည် တည်ထားကာလကြာမြင့်လာသည်နှင့်အမျှ ပျက်စီးယိုယွင်းမှုများ ရှိလာသောကြောင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ဦးဆောင်၍ ၃၇၇ ပေ ၆ လက်မထိ လုံးတော်ပြည့် ဉာဏ်တော်မြင့် ပြန်လည်ပြုပြင်မွမ်းမံခဲ့ကြောင်း၊ ယခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်မှ စတင်ကာ နေ့စဉ်နံနက်ပိုင်းအချိန်များ၌ ထီးတော်ဘုံအဆင့်ဆင့် အစိတ်အပိုင်းများကို ဆရာတော်၊ သံဃာတော်များ၊ ယောဂီသူတော်စင်များနှင့် ရပ်နီးရပ်ဝေးမှ ခုနစ်ရက်သားသမီး ဘုရားဒါယကာ ဒါယိကာမများ စုပေါင်း၍ စေတီတော်အထက်သို့ မင်္ဂလာရထားပျံဖြင့် နေ့စဉ် တင်လှူပူဇော်ကြပြီး ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**နဒီ(ပြန်/ဆက်)**



# တောင်စွန်း ဓမ္မိကာရုံကျောင်းတိုက် ရာပြည့်သဘင် ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တောင်စွန်းဓမ္မိကာရုံကျောင်းတိုက်တည် နှစ်(၁၀၀)ပြည့် ပွဲသဘင်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ဗဟန်းမြို့နယ် ရွှေနံ့သာရပ်ကွက် ရေတာရှည်လမ်းသစ်ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ကျောင်းတိုက်တည် နှစ်(၁၀၀)ပြည့် သမိုင်းထေရုပ္ပတ္တိစာတမ်းကို မြန်မာစာအဖွဲ့ဝင် တက္ကသိုလ်ခြေကျင် တောင်တက်အသင်း၊ သဘာဝခေါ်သံ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမျိုးသန့်(စာရေးဆရာ-မောင်ဖုန်းပြည့်)က ဖတ်ကြားပြီး အမျိုးသားစာပေဆုရ မဟာဂီတဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့က ဝိဝေကဒေသဓမ္မိကာရုံ ရှစ်ဆယ်ပေါ်တေးထပ်ကို သီကျူးရွတ်ဆိုပူဇော်ကြသည်။

ထို့နောက်ရွှေဟင်္သာမဟာဗောဓိ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် တောင်စွန်း ဓမ္မိကာရုံကျောင်းတိုက်တည် နှစ်(၁၀၀)ပြည့် ပွဲသဘင် ဆင်ယင်ကျင်းပနိုင်ရေးအတွက် လှူဒါန်းခဲ့ကြသော အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ရွှေဟင်္သာ မဟာဗောဓိ ဆရာတော်က အနုမောဒနကထာ တရားဒေသနာချီးမြှင့်၍ ကုသိုလ်အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်စွန်းဓမ္မိကာရုံကျောင်းတိုက်အား နိုင်ငံတော်ဝိနည်းဓိုရ် ဘဒ္ဒန္တကေသဝ မဟာထေရ်က ၁၂၈၄ ခု(ခရစ်နှစ် ၁၉၂၂-၁၉၂၃)တွင် တည်ထောင်ခဲ့ပြီး ၁၃၈၄ ခု (၂၀၂၂-၂၀၂၃)တွင် နှစ်(၁၀၀) သက်တမ်း ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**လင်းရာမ**



# ညောင်တုန်းမြို့၌ မြစ်ကမ်းပါး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ညောင်တုန်း ဖေဖော်ဝါရီ ၂၆**

ဧရာဝတီမြစ်ရေ ရေကြောင်းထိုးလာခြင်း၊ ပန်းလှိုင်မြစ်ရေ တိုက်စားခြင်းများကြောင့် ညောင်တုန်းမြစ်ကမ်းပါး ရေကာတာများ၊ မြစ်ကမ်းပါးကွဲအက်နိမ့်ကျမှုများ၊ ရေဘေးအန္တရာယ်များ နှစ်စဉ်ကြုံတွေ့နေရခြင်း ဖြစ်ပေါ်နေမှုများကြောင့် မြို့နေပြည်သူလူထု အသက်အိုးအိမ်များ မပျောက်ပျက်ရေး၊ မြို့မပျက်စီးနိုင်ရေး၊ မြစ်ကမ်းဘေးတာတမံအနီးတွင်နေထိုင်သော အများပြည်သူများ မိုးရာသီတွင် ရေးဘေးအန္တရာယ် စိုးရိမ်ကင်းဝေးပြီး နေထိုင်နိုင်ရေးအတွက် ညောင်တုန်းမြို့ အမှတ်(၃)ရပ်ကွက် (၁၄)လမ်းနှင့် (၁၆)လမ်းကြား မြစ်ကမ်းနိမ့်ကျမှုကာကွယ်ရေး လုပ်ငန်းများကို မိုးမကျမီကာလအတွင်း အချိန်မီပြီးစီးတည်ဆောက်နိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒေသ(၂)မှ လူအင်အား၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် (၁၄/၁၆)လမ်းကမ်းနားတာအနီး၌ သံကူကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ပေ ၈၀၀ အရှည် ကျောက်စည်မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ မြစ်ကမ်းတစ်လျှောက်တွင် သံကူကွန်ကရစ်ဘိုးပိုင်းအခြေပြု ကျောက်စီမြေထိန်းနံရံနှင့် ကျောက်ပြားကပ်တမံများ တည်ဆောက်ခြင်း၊ ကျောက်စီမြေထိန်းနံရံ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မိုးမကျမီ ဧရာဝတီမြစ်ရေ မတက်ခင် အမြန်ဆုံး မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**



**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ**
**တမံသဘော ရေထိန်းတော။**

# လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းကျေးရွာသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပါဝင်သည့်အဖွဲ့ နယ်မြေကွင်းဆင်းဆောင်ရွက်

**လောက်ကိုင် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့က နယ်မြေကွင်းဆင်းခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

**ဆွေးနွေး**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦးက ထင်ပါကျိုင်းကျေးရွာသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံရာတွင် ဒေသ၏လိုအပ်ချက်များကို တင်ပြပေးစေချင်ကြောင်း၊ ထင်ပါကျိုင်းကျေးရွာသည် အေးချမ်းသည့်ကျေးရွာဖြစ်ကြောင်း၊ လယ်ယာမြေကြံနှင့် သီးနှံစိုက်ခင်းများ၌ အိမ်ဆောက်ခြင်းနှင့် ခြံဝင်းကာရံခြင်းစသည့် အခြားနည်းအသုံးပြု၍မရကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်များနှင့် ဆောင်ရွက်သည့် လမ်းတံတား စသည့်မြေသားလမ်း၊ ကျောက်ချောလမ်းခင်းခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများတွင် အရည်အသွေးကောင်း၊ မကောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများက စစ်ဆေးပေးစေလိုကြောင်း၊ ဒေသရိုးရာပွဲလမ်းသဘင်များ ဆောင်ရွက်လိုပါက တင်ပြပေးစေလိုကြောင်း၊ မိမိတို့၏ ကိုးကန့်ရိုးရာယဉ်ကျေးမှုကို မိမိတို့က ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများနှင့် ဆရာ ဆရာမ လိုအပ်ချက်များစသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။



ထို့နောက် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက ၎င်းတို့ဌာနများနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနိုင်သည်များကို ဆွေးနွေးကြပြီး ဒေသခံကိုးကန့်တိုင်းရင်းသားများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေစင်ဖြိုး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂ နှစ်တာကာလ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ

အောင်ရှင်း

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်ကုန်ပိုင်းမှာ မြန်မာနိုင်ငံနဲ့ ကီလိုမီတာ ၄၀၀ လောက် နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိန္ဒိယနိုင်ငံ မဏိပူရဒေသမှာ ဘိန်းစိုက်ပျိုးတဲ့ တောင်သူ ၇၀၃ ဦးနဲ့ ဘိန်းစိုက်ပျိုးဧက ၄၀၀ ကျော်ကို ဖျက်ဆီးခဲ့တယ်ဆိုတဲ့ သတင်းကို အွန်လိုင်းသတင်းမီဒီယာတစ်ခုမှာ ဖတ်လိုက်ရပါတယ်။ ဒီလိုဖမ်းဆီးတဲ့ နေရာမှာ ဒေသတွင်း ဘိန်းစိုက်ပျိုးခွင့်ပြုထားတဲ့ တောင်ပေါ်ရွာသူကြီး ငါးဦးကိုလည်း ဖမ်းဆီးခဲ့တယ်လို့ သိရပါတယ်။ ဒါက အိန္ဒိယနိုင်ငံ မဏိပူရအစိုးရအနေနဲ့ ဘိန်းစိုက်ပျိုးမှုကို မတားဆီးဘဲ ဆက်စပ်လုပ်ကိုင်နေတဲ့ အာဏာပိုင်တွေကိုပါ ဖမ်းဆီးအရေးယူတယ်ဆိုတဲ့ သတင်းစကားကို ပေးလိုက်တာလို့လည်း သဘောပေါက်မိပါတယ်။

ဒီသတင်းနဲ့ဆက်စပ်ပြီး ပြောထားတာက တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ်မှုနဲ့ ရောင်းဝယ်ဖောက်ကားမှုမှာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ မြန်မာ၊ လာအို၊ ထိုင်း သုံးနိုင်ငံနယ်စပ်က "ရွှေတြိဂံ" ဒေသက တရားမဝင်မူးယစ်ဆေးဝါးတွေကလည်း အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသကို ဝင်ရောက်နေတယ်လို့ ဆိုထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ကတော့ မိမိတို့နိုင်ငံအတွင်း အပါအဝင် အိမ်နီးချင်းနိုင်ငံတွေကို တရားမဝင် မူးယစ်ဆေးဝါးတွေ မရောက်ရှိအောင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အစိုးရအဆက်ဆက် စီမံကိန်းတွေချမှတ်ပြီး အရှိန်အဟုန်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

**မူးယစ်ဆေးဝါးနှိမ်နင်းမှု သမိုင်းကြောင်း**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှာ ချင်းဝိသေသတိုင်း အက်ဥပဒေနဲ့ ဒီဒေသမှာရှိတဲ့ ဘိန်းနဲ့ ဆေးခြောက်စိုက်ပျိုးထုတ်လုပ်မှု၊ သုံးစွဲရောင်းချမှုတွေကို တားမြစ်ခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်မှာလည်း ဘိန်းခင်းနှိမ်နင်းရေး အက်ဥပဒေကို ပြဋ္ဌာန်းပြီး ဘိန်းစိုက်ပျိုးမှုနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်တင်ခဲ့ပါတယ်။ ၁၉၄၆ ကနေ ၁၉၆၀ ကျော် ကာလတွေအထိ ရှမ်းပြည်နယ်အရှေ့ပိုင်းကို ဝင်ရောက်လာခဲ့တဲ့ တရုတ်ဖြူကူမင်တန်တပ်တွေကြောင့် ပိုမိုဆိုးရွားလာတဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေကိုလည်း စစ်ဆင်ရေးမျိုးစုံနဲ့ ရှင်းလင်းဆောင်ရွက်ခဲ့ရပါတယ်။

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူတို့ ပူးပေါင်းလက်တွဲမှုနဲ့ ၁၉၇၅ ခုနှစ် စက်တင်ဘာလမှ ၁၉၈၈ ခုနှစ် ဧပြီလအထိ မိုးဟိန်းစစ်ဆင်ရေး၊ ငရဲပန်းစစ်ဆင်ရေး၊ တောင်ရန်ရှင်းစစ်ဆင်ရေး၊ တောင်ထိပ်ပန်းစစ်ဆင်ရေးနှင့် အောင်မိုးဟိန်းစစ်ဆင်ရေးတွေနဲ့ ရှင်းလင်းဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၁ ရက်နေ့အထိဆောင်ရွက်ခဲ့တဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ၂၈ ခု ဆောင်ရွက်ခဲ့ပြီး ထူးခြားတဲ့ စစ်ဆင်ရေးတစ်ခုကတော့ MoU ခြောက်နိုင်ငံ တစ်ပြိုင်တည်း တစ်ချိန်တည်း ဆောင်ရွက်ခဲ့တဲ့ "Operation 1511" စစ်ဆင်ရေးပဲဖြစ်ပါတယ်။ ဒီစစ်ဆင်ရေးကတော့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး အချိန်တိုအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ သန်းကျော်၊ အိုက်စ် ၅၀၁ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၄ ဘီလီယံကျော်ဖိုး စံချိန်တင်ဖမ်းဆီးနိုင်ခဲ့တဲ့ စစ်ဆင်ရေးတစ်ခုအဖြစ် ဂုဏ်ယူစွာ တွေ့မြင်ရမှာဖြစ်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်ချက်နဲ့အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းတွေကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလို ပူးပေါင်းဆောင်ရွက်မှုကြောင့် ၂၀၂၁ ခုနှစ်အတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားတွေကို ဇွန်လ ၂၆ ရက်နေ့မှာ ရန်ကုန်၊ မန္တလေး၊ တောင်ကြီး သုံးနေရာမှာ ကျင်းပခဲ့ပြီး ဘိန်းကီလို ၃၈၇၀ ကျော်၊ ဘိန်းဖြူ ၂၅၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ သန်းကျော်၊ အိုက်စ်ကီလို ၁၄၀၈၀ ကျော်၊ ဆေးခြောက် ၇၃၉ ကီလိုကျော်၊ ကက်တမင်း ၂၈၉ ကီလိုကျော်၊ ကဖင်း ၁၂ တန်ခွဲကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၂ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၆၇ သန်းကျော်)နဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာအသုံးပြုတဲ့ ဆက်စပ်ပစ္စည်းအမျိုးပေါင်း ၆၀ တို့ကို ဖျက်ဆီးနိုင်ခဲ့ကြပါတယ်။

> **ထိုစာရင်းဇယားများကို လေ့လာသုံးသပ်ရာတွင် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနဲ့ အခြားဆက်စပ်ပစ္စည်းများရဲ့တန်ဖိုးက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထက် အမေရိကန်ဒေါ်လာ ၂၇ သန်းကျော် ပိုမိုဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်တွေဟာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။**

၂၀၂၂ ခုနှစ်မှာလည်း မြန်မာနိုင်ငံတစ်ဝန်း တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိမှု စုစုပေါင်း ဘိန်း ၂၆၅၄ ဒသမ ၈၉ ကီလိုကျော်၊ ဘိန်းဖြူ ၁၉၄၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂ သန်းကျော်၊ အိုက်စ် ၂၃၆၅၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၂၀၅ ကီလိုကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ကက်တမင်း ၂၀၂၄ ကီလိုကျော်နှင့် ကဖင်း ၁၂ တန်ကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၁၈၈ ဒသမ ၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀ သန်းကျော်) တို့ကို ဖျက်ဆီးနိုင်ခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့မှာ မီးရှို့ဖျက်ဆီးခဲ့တဲ့ မူးယစ်ဆေးဝါးနဲ့ အခြားဆက်စပ်ပစ္စည်းတွေအပြင် နှစ်အလိုက် ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးတွေကို အတိအကျစာရင်းဇယားနဲ့ ဖော်ပြပေးလိုက်ပါတယ်။ **ထိုစာရင်းဇယားများကို လေ့လာသုံးသပ်ရာတွင်၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးနဲ့ အခြားဆက်စပ်ပစ္စည်းများရဲ့တန်ဖိုးက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလထက် အမေရိကန်ဒေါ်လာ ၂၇ သန်းကျော် ပိုမိုဖမ်းဆီးရမိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်တွေဟာ တစ်နှစ်ထက်တစ်နှစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။**

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ | ၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ဘိန်း | ကီလို | ၂၅၀၈.၆၄၅၅၂ | ၁၁၇၂.၈၂၈၉၁ | ၃၆၈၁.၄၇၄၄၃ |
| ၂ | ဘိန်းဖြူ | ကီလို | ၂၅၄၄.၁၀၈၃၄၅ | ၁၁၅၄.၄၃၅၄၆၇ | ၃၆၉၈.၅၄၃၈၁၂ |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ပြား | ၁၈၇၆၈၄၀၇၀.၅ | ၁၇၃၉၈၃၁၄၅ | ၃၆၁၆၆၇၂၁၅.၅ |
| ၄ | အိုက်စ် | ကီလို | ၁၆၅၅၇.၉၁၃၇၃ | ၂၀၄၈၂.၂၄၉၃၃ | ၃၇၀၄၀.၁၆၃၀၆ |
| ၅ | ဆေးခြောက် | ကီလို | ၃၉၅.၄၈၀၅၈၃၁ | ၉၆၈.၁၄၁၄၁၅ | ၁၃၆၃.၆၂၁၉၉၈ |
| ၆ | ဘိန်းစာရွက် | ကီလို | ၃၁၂၅.၆၁၁၀၂ | ၁၅၉၂.၀၃၈၁၇ | ၄၇၁၇.၆၄၉၁၉ |
| ၇ | ဘိန်းစာမှုန့် | ကီလို | ၁၀၉၆.၉၁၉၆၈၁ | ၇၁၃.၄၄၈၁၈ | ၁၈၁၀.၃၆၇၈၆၁ |
| စုစုပေါင်းတန်ဖိုး | | ကျပ် | ၉၈၆၄၇၁.၆၈၁ သန်း | ၁၀၄၃၂၃၁.၆၅၆ သန်း | ၂၀၂၉၇၀၃.၃၃၇ သန်း |
| | | အမေရိကန် ဒေါ်လာ | ၄၆၉.၇၄၈ သန်း | ၄၉၆.၇၇၇ သန်း | ၉၆၆.၅၂၅ သန်း |

**ရှင်းလင်းချက်။** အမေရိကန် ၁ ဒေါ်လာ ၂၁၀၀ ကျပ်နှုန်းဖြင့် တွက်ချက်ထားပြီး ဖမ်းဆီးရမိသော အခြားမူးယစ်ဆေးဝါး အမျိုးအစားများနှင့် ဆက်စပ်ပစ္စည်းများ၏ တန်ဖိုးကိုပါ ထည့်သွင်းတွက်ချက်ထားပါသည်။

**နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု**

မူးယစ်ဆေးဝါးပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ ခေတ်အဆက်ဆက်သော နိုင်ငံတော်အစိုးရများက ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ မူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းသုံးခုကို အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ဥပဒေများပြဋ္ဌာန်းခြင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အာဏာပိုင်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနဲ့ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ မူးယစ်ဗဟိုအဖွဲ့ကိုလည်း အဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များကိုဖွဲ့စည်းပြီး တာဝန်ပေးအပ်ထားပါတယ်။ မူးယစ်ဗဟိုအဖွဲ့အနေနဲ့ ၂၀၁၆ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာဆိုင်ရာ ကုလသမဂ္ဂ အထူးညီလာခံ UNGASS အစည်းအဝေးရဲ့ လုပ်ငန်းအကြံပြုချက်များကို အခြေခံတဲ့ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်တစ်ရပ်ကိုလည်း ရေးဆွဲပြဋ္ဌာန်းထားရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စာမျက်နှာ ၉ သို့ ☆

> **မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး(AMMD)၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး(ASOD)၊ အာဆီယံလေကြောင်းကြားဖြတ် စစ်ဆေးရေးတပ်ဖွဲ့ အစည်းအဝေး(AAITF)၊ အာဆီယံ ပင်လယ်ဆိပ်ကမ်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ အစည်းအဝေး (ASITF) နဲ့ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြည့်စစ်ဆေးရေးကွန်ရက်အစည်းအဝေး (ADMN) တို့မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။**

**“ မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ၊ ဖြန့်ဖြူးရောင်းချမှုတွေရဲ့ ရာနူန်းပြည့်နီးပါးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ ဆက်စပ်နေပါတယ်။ ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလ နောက်ပိုင်းမှာလည်း အကြမ်းဖက်သမား NUG/PDF တွေနဲ့ မူးယစ်ဆေးဝါးကလည်း ဆက်စပ်လာပြန်ပါတယ်။ ဖမ်းဆီးရမိတဲ့ အကြမ်းဖက်သမား ရာနူန်းပြည့်နီးပါးက မူးယစ်ဆေးဝါး တစ်မျိုးမျိုးကို တစ်နည်းနည်းနဲ့ သုံးစွဲထားကြောင်းလည်း သိရှိရပါတယ် ”**



၇-၁-၂၀၂၂ ရက်နေ့မှာ လွိုင်လင်မြို့အထွက် ဟိုတင့်ကျေးရွာထိပ်မှာ တောင်ကြီးဘက်သို့မောင်းနှင်မယ့် ISUZU ၁၂ ဘီးယာဉ်၏ ကြမ်းခင်းအံဝှက်အတွင်းမှ အိုက်စ် ၆၃၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ဖော်ထုတ်ချက်အရ လွိုင်လင်-တောင်ကြီးသွားကားလမ်း ချိုခမ်းနှင့် မိုင်းပွန်ကြားက ISUZU ၁၂ ဘီးယာဉ်ရဲ့ ကြမ်းခင်းအံဝှက်အတွင်းမှ အိုက်စ် ၆၀၃ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ပါတယ်။

☆ စာမျက်နှာ ၈ မှ

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ မူးယစ်ဆေးဝါးထိန်းချုပ်ရေး လုပ်ငန်းတွေကို အဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဆီယံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (AMMD)၊ မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(ASOD)၊ အာဆီယံလေကြောင်း ကြားဖြတ်စစ်ဆေးရေးတပ်ဖွဲ့ အစည်းအဝေး (AAITF)၊ အာဆီယံပင်လယ်ဆိပ်ကမ်းတားဆီးနှိမ်နင်းရေးတပ်ဖွဲ့အစည်းအဝေး (ASITF) နဲ့ အာဆီယံမူးယစ်ဆေးဝါး စောင့်ကြည့်စစ်ဆေးရေး ကွန်ရက်အစည်းအဝေး (ADMN)တို့မှာတစ်ဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

အာဆီယံအဖွဲ့မှ ချမှတ်ထားတဲ့ ဘေးကင်းလုံခြုံသော လူမှုအဖွဲ့ဖြစ်စေရေး မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက် ၂၀၁၆-၂၀၂၅ (ASEAN Work Plan 2016-2025)၊ ရွှေတြိဂံဒေသတွင်း တရားမဝင်မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုများအားတိုက်ဖျက်ရေး အာဆီယံ ပူးပေါင်းဆောင်ရွက်ရေးစီမံချက် (၂၀၁၇-၂၀၁၉) (ASEAN Cooperation Plan 2017-2019) တွေအပြင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့အထိကျင်းပခဲ့တဲ့ ဘင်းမ်စတက်ဒေသအတွင်း အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ ပထမအကြိမ်အစည်းအဝေးမှ လုပ်ငန်းခွဲဝေမှုတွေအရ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးလုပ်ငန်းခွဲအုပ်စုကို တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။





၅-၄-၂၀၂၂ ရက်နေ့မှာတော့ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း(ပဲပဒုံ)ပူးပေါင်းစစ်ဆေးရေးဂိတ်မှာ ရန်ကုန်မှ မြောက်ဦးသို့ မောင်းနှင်လာတဲ့ NISSAN DIESEL ခြောက်ဘီးယာဉ်ပေါ်က စိတ်ကြွဆေးပြား ၁၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရွှေပြည်သာမြို့နယ် ဝင်းသာစုကန် အိမ်ရာဝင်းအတွင်းမှ စိတ်ကြွဆေးပြား ၁၀ သန်းကို ထပ်မံသိမ်းဆည်းရမိတဲ့အတွက် စိတ်ကြွဆေးပြားပေါင်း ၂၅ သန်း ဖမ်းဆီးရမိခဲ့ပါတယ်။

Sub-Group ၏ ဦးဆောင်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအနေနဲ့ ဘင်းမ်စတက်ကိုယ်စား BIMSTEC Annual Drug Report ကိုလည်း ထုတ်ဝေဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ တရုတ်နိုင်ငံ အမျိုးသားမူးယစ်ဆေးဝါး ထိန်းချုပ်ရေးကော်မရှင် (NNCC)၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့နှင့် နည်းပညာ၊ ပစ္စည်းကိရိယာအကူအညီများရယူခြင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ သတင်းဖလှယ်ခြင်းတို့ကို နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ထူးခြားဖြစ်စဉ်များ

မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ၊ ဖြန့်ဖြူးရောင်းချမှုတွေရဲ့ ရာနူန်းပြည့်နီးပါးက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နဲ့ ဆက်စပ်နေပါတယ်။ ၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေးအကူးအပြောင်းကာလ နောက်ပိုင်းမှာလည်း အကြမ်းဖက်သမား NUG/PDF တွေနဲ့ မူးယစ်ဆေးဝါးကလည်း ဆက်စပ်လာပြန်ပါတယ်။ ဖမ်းဆီးရမိတဲ့ အကြမ်းဖက်သမား ရာနူန်းပြည့်နီးပါးက မူးယစ်ဆေးဝါး တစ်မျိုးမျိုးကို တစ်နည်းနည်းနဲ့ သုံးစွဲထားကြောင်းလည်း သိရှိရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နယ်စပ်ဒေသ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ရှိတဲ့ဒေသတွေကနေတစ်ဆင့် မြန်မာနိုင်ငံအတွင်းကို ပုံစံမျိုးစုံနဲ့ ဝင်ရောက်လာတဲ့ မူးယစ်ဆေးဝါးတွေအပြင် အခြားစိတ်ကိုပြောင်းလဲစေတဲ့ အက်ဖီတမင်း၊ အိုက်စ်၊ ကက်တမင်း၊ Happy Water၊ Phensedyl၊

စာမျက်နှာ ၁၀ သို့ ❖



၂၄-၄-၂၀၂၂ ရက်နေ့မှာ တပ်မတော်နဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းပြီး တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်အမှတ်(ဝကခ-၂၆၅)ရှိ ဖေသက်ဟန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ဖေသက်ဟန်ပါ ၁၀ ဦးအား M-16 သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ခြောက်လုံးပြူး နှစ်လက်၊ ပစ္စတို တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ဂက်စ်သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ လေသေနတ် တစ်လက်၊ ၉ မမကျည် ၁၉ တောင့်၊ ၅.၅၆ ကျည် ကိုးတောင့်၊ ကိုးလုံးကျည် သုံးတောင့်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဖေသက်ဟန်ပိုင်ဆိုင်သည့် အိမ်အမှတ် (ဝကခ-၂၄၉) နေအိမ်မှ စိတ်ကြွဆေးပြား ၁၂ ဒသမ ၅၅ သန်း၊ ကက်တမင်း ၁ ဒသမ ၅ ကီလို၊ အက်တက်စီဆေးပြား ၁၅၉ ပြား၊ မူးယစ်ဆေးဝါးထုပ်ပိုးရာတွင် အသုံးပြုတဲ့စက် တစ်လုံးနဲ့ စတီးမွှေစက် တစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။



၁၇-၆-၂၀၂၂ ရက်နေ့မှာ လားရှိုးမြို့နယ် သတ္တုသန့်စင်စက်ရုံအနီး လားရှိုး-တန့်ယန်းသွားကားလမ်းတွင် တန့်ယန်းဘက်မှ လားရှိုးဘက်ကို မောင်းနှင်လာတဲ့ CANTER ခြောက်ဘီးယာဉ်ပေါ်မှ ဘိန်းဖြူ ၈၈ ကီလို သိမ်းဆည်းရမိခဲ့ပါတယ်။

**ဒီလိုဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တွေနဲ့ စာရင်းဇယားအချက်အလက်တွေကို လေ့လာကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတယ်ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားသောတားဆီးနှိမ်နင်းရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ပါ ပူးပေါင်းပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ စွမ်းဆောင်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုသမိုင်းမှာ ကမ္ပည်းတင်ကျန်ရစ်ခဲ့မှာဖြစ် . . .**



၂၀-၆-၂၀၂၂ ရက်နေ့ ရန်ကုန်ဘက်မှ ကျိုက်ထိုဘက်သို့ မောင်းနှင်လာတဲ့ ၁၂ ဘီး ဆီဘောက်ဆာယာဉ်၏ ဆီသိုလှောင်ကန် အလယ်အကန့်တွင် အံဝှက်ပြုလုပ်၍ သယ်ဆောင်လာသည့် အိုက်စ် ကီလို ၁၇၀၀၊ ကက်တမင်း ကီလို ၃၀၀၊ ဆေးပြားရိုက်မို ၄၁ ချောင်းနှင့် အောက်ခံခွက် ၁၉ ခုတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။

❖ စာမျက်နှာ ၉ မှ

Erimin-5 ဆေးပြား၊ ဗိုလမ်ဆေးပြား၊ ဆူဒိုအက်ဖီဒရင်းဆေးပြား၊ အက်တက်စီဆေးပြားတွေ ပြုလုပ်နေတဲ့ အခြေခံဓာတုပစ္စည်းတွေနဲ့ အက်ဆစ်ပြင်းတွေ အပါအဝင် အခြားဆက်စပ်ပစ္စည်းတွေကိုလည်း မိမိနိုင်ငံအတွင်းက ရရှိတဲ့သတင်းတွေအပြင် အိမ်နီးချင်းနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး ရရှိတဲ့သတင်းတွေနဲ့ဆက်စပ်ပြီး ဖမ်းဆီးအရေးယူလျက်ရှိပါတယ်။ ထူးခြားဖြစ်စဉ်များအနေနဲ့ ၂၀၂၂ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမြောက်အမြား ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တွေထဲက တချို့ကိုတင်ပြပေးလိုက်ပါတယ်။





၂၅-၇-၂၀၂၂ ရက်နေ့မှာ မူဆယ်မြို့ စွမ်စော်ရပ်ကွက် မန့်ဝိန်းနယ်မြေ မန့်ဝိန်း (၂)လမ်း အမှတ်(မဝ/၅၃၅) ခြံဝင်းအတွင်းရှိ ဂိုဒေါင်အခန်း အမှတ်(၆) အတွင်းမှ TheophyllineAnhydrous အမှုန့် ကီလို ၁၄၅၀၀ အားလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက် ၁၃၈ လမ်းနဲ့ ၁၃၉ လမ်း ကြား၊ ၅၁ လမ်း၊ အမှတ်(H-247/1)ရှိ ရွှေခြင်္သေ့ကုမ္ပဏီ၏ ဂိုဒေါင်အတွင်းမှ Ammonium Nitrate ကီလို ၃၀၀၀ နဲ့ Copper Sulfate ကီလို ၂၀၀၀ သိမ်းဆည်းရမိခဲ့ပါတယ်။

**ဒီလိုဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တွေနဲ့ စာရင်းဇယား အချက်အလက်တွေကို လေ့လာကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေတယ်ဆိုတာကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုနဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အပါအဝင် အခြားသောတားဆီးနှိမ်နင်းရေး မိတ်ဖက်အဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနဲ့ပါ ပူးပေါင်းပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့ စွမ်းဆောင်ချက်တွေဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုသမိုင်းမှာ ကမ္ပည်းတင်ကျန်ရစ်ခဲ့မှာဖြစ်တဲ့အကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါတယ်။**

မှတ်ချက်။ https://infosheet.org.mm/node/4199 တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက် မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် လအလိုက် စာရင်းအသေးစိတ်ကို ဖတ်ရှုနိုင်ပါသည်။




၈-၁၀-၂၀၂၂ ရက်နေ့ မိုးကုတ်-ပြင်ဦးလွင်သွားကားလမ်း ဆင်စားကုန်းကျေးရွာထိပ်တွင် မိုးကုတ်မှ ပြင်ဦးလွင်ဘက်သို့ မောင်းနှင်လာတဲ့ DONGFENG ခြောက်ဘီးယာဉ်ပေါ်က အိုက်စ် ကီလို ၁၅၀၀ နှင့် ကက်တမင်း တစ်ကီလို သိမ်းဆည်းရမိခဲ့ပါတယ်။



၂၂-၁၁-၂၀၂၂ ရက်နေ့ မြဝတီမှ ကော့ကရိတ်မြို့နယ် တံတားကျိုး ပူးပေါင်းစစ်ဆေးရေးဂိတ်မှ သာမညကျေးရွာဘက်မှ မြဝတီမြို့ဘက်ကို မောင်းနှင်လာတဲ့ LIFAN ခြောက်ဘီးယာဉ်ပေါ်မှ အိုက်စ် ကီလို ၂၀၀၀ သိမ်းဆည်းရမိခဲ့ပါတယ်။

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၆၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# စနစ်၊ စံ၊ ရလဒ်

ဇော်ဇော်အောင် (မန္တလေး)

နိုင်ငံတစ်ခုတည်ဆောက်ကြရာမှာ အင်မတန် အရေးကြီးလှပြီး တစ်ခုနဲ့တစ်ခုလည်း အထူး ဆက်စပ်နေတဲ့ အကြောင်းအရာသုံးရပ်အကြောင်း ကို တင်ပြလိုပါတယ်။ ဒီအကြောင်းအရာတွေက တော့ စနစ်(system)၊ စံ(norm)နဲ့ ရလဒ်(result) တို့ပဲဖြစ်ပါတယ်။

**နိုင်ငံရေးအယူဝါဒဆိုင်ရာစနစ်**

စနစ်ဆိုတာက ဒီနေရာမှာ နိုင်ငံရေးစနစ်ကို ဆိုလိုတာဖြစ်ပေမယ့် အထူးအလေးပေးပြောဆို ချင်တာက နိုင်ငံတစ်ခုတည်ငြိမ်ဖို့၊ အေးချမ်းဖို့၊ လွတ်လပ်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အုပ်ချုပ်ရေး ကို ဘယ်လိုသွားမယ်၊ ဥပဒေပြုရေးကို ဘယ်လိုသွား မယ်၊ တရားစီရင်ရေးကို ဘယ်လိုသွားမယ်၊ တခြား ကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ ယဉ်ကျေး မှုတွေ တိုးတက်ကောင်းမွန်အောင် ဘယ်လို သွားမယ်ဆိုတာကို အတိအကျရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်တာကို ဆိုလို တာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်၊ ဖက်ဒရယ်စနစ် စတဲ့ နိုင်ငံရေးအယူဝါဒဆိုင်ရာ စနစ်သဘောကို ဆိုလိုတာမဟုတ်ပါဘူး။

အဲဒီ အကောင်အထည်ဖော်ရေးပုံစံစနစ် (system of implementation) တွေကို ဆန်းစစ် ကြည့်ရင် ဘယ်နိုင်ငံရေးအယူဝါဒကိုပဲ အခြေခံ ရေးဆွဲထားတာဖြစ်စေ စနစ်တွေအားလုံးနီးပါးဟာ ကောင်းမွန်နေတာကို ယေဘုယျအားဖြင့် တွေ့ရ မှာဖြစ်ပါတယ်။ ဒီလိုကောင်းမွန်နေရခြင်းအကြောင်း ရင်းကတော့ ဒီစနစ်တွေ ရေးဆွဲပြဋ္ဌာန်းကြရာမှာ ဘယ်နိုင်ငံရေးဆိုင်ရာ ဝါဒသဘောတရားကို အခြေခံတာဖြစ်စေ စနစ်တွေကို နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး၊ ငြိမ်းချမ်းသာယာဝပြောရေးအတွက် မဖြစ်မနေ မဟာဗျူဟာတွေချမှတ်ရေးဆွဲပြီး အဲဒီ မဟာဗျူဟာနဲ့ကိုက်ညီအောင် သတ်မှတ်ရေးဆွဲ ပြဋ္ဌာန်းကြလေ့ရှိတာကြောင့်ပဲဖြစ်ပါတယ်။

ဘယ်အစိုးရ၊ ဘယ်ခေါင်းဆောင်မဆို သူ့နိုင်ငံ၊ သူ့လူ့အဖွဲ့အစည်း ပျက်စီးရာပျက်စီးကြောင်း ရည်ရွယ်တဲ့စနစ်မျိုးကို ဘယ်တော့မှ စဉ်းစား စိတ်ကူးလေ့မရှိတာကြောင့်လည်းဖြစ်ပါတယ်။

စနစ်တွေကောင်းကြတယ်ဆိုရင် ဘာကြောင့် တချို့နိုင်ငံတွေက တိုးတက်ဖွံ့ဖြိုးကြပြီးတော့ တချို့နိုင်ငံတွေကျ ဆုတ်ယုတ်ကြရသလဲ။ ဘာကြောင့် တချို့နိုင်ငံတွေက အများကြီးဖွံ့ဖြိုး တိုးတက်ကြပြီးတော့ တချို့နိုင်ငံတွေက အတော် အသင့်ပဲ တိုးတက်ကြသလဲလို့ မေးစရာရှိပါတယ်။

စနစ်တွေကောင်းသော်ငြားလည်း အဲဒီစနစ် တွေကို အောင်မြင်အောင် အကောင်အထည်ဖော် နိုင်ဖို့အတွက်၊ တစ်နည်းအားဖြင့် ရလဒ်ကောင်းတွေ ထွက်နိုင်ဖို့အတွက်၊ တစ်နည်းအားဖြင့် စနစ်ရဲ့ ထောက်ပံ့အားနဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် သာယာဝပြောတဲ့၊ ဖူလုံပြည့်စုံတဲ့ လူ့ဘောင်တစ်ရပ်ကို စနစ်ရဲ့စွမ်းအားနဲ့ ပီပီပြင်ပြင် ထူထောင်နိုင်ဖို့အတွက်ဆိုရင် စနစ်ကောင်းရုံနဲ့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။

**"စနစ်ဆိုတာက ဒီနေရာမှာ နိုင်ငံရေးစနစ်ကိုဆိုလိုတာဖြစ်ပေမယ့် အထူးအလေးပေးပြောဆိုချင်တာက နိုင်ငံတစ်ခုတည်ငြိမ်ဖို့၊ အေးချမ်းဖို့၊ လွတ်လပ်ဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အုပ်ချုပ်ရေးကို ဘယ်လိုသွားမယ်၊ ဥပဒေပြုရေးကို ဘယ်လိုသွားမယ်၊ တရားစီရင်ရေးကို ဘယ်လိုသွားမယ်၊ တခြားကျန်တဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနဲ့ ယဉ်ကျေးမှုတွေ တိုးတက်ကောင်းမွန်အောင် ဘယ်လိုသွားမယ်ဆိုတာကို အတိအကျရေးဆွဲပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက်တာကို ဆိုလိုတာဖြစ်"**

**စိတ်ဓာတ်နဲ့သဘောထားတွေမှာလည်း ထင်ဟပ်နေဖို့ မဖြစ်မနေလိုအပ်**

စနစ်တစ်ခုနဲ့ လိုက်လျောညီထွေရှိတဲ့ စံတွေ (norms)၊ တစ်နည်းအားဖြင့် တန်ဖိုးတွေ (values) ဟာ စနစ်မှာလည်း ပြည့်ပြည့်ဝဝ ထင်ဟပ်နေဖို့ မဖြစ်မနေလိုအပ်သလို နိုင်ငံတွင်း မှီတင်းနေထိုင် ကြတဲ့ နိုင်ငံသားတွေရဲ့ပြုမူကြပုံ၊ လုပ်ကိုင် ဆောင်ရွက်ကြပုံ၊ တွေးခေါ်မြော်မြင်ကြပုံ၊ စိတ်ဓာတ် နဲ့ သဘောထားတွေမှာလည်း ထင်ဟပ်နေဖို့ မဖြစ်မနေလိုအပ်တာ ဖြစ်ပါတယ်။ ဆိုလိုတာ ကတော့ စံတန်ဖိုးတွေဟာ စနစ်မှာရော လူ့အဖွဲ့ အစည်း (နိုင်ငံသားတွေ) ဆီမှာပါ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ ထင်ဟပ်နေမှသာ အဲဒီစနစ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြတဲ့ နေရာမှာ ထိရောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက် အကောင်အထည်ဖော်နိုင်ကြမှသာ ရလဒ်ကောင်း တွေဖြစ်တဲ့ နိုင်ငံသာယာဝပြောခြင်း၊ ငြိမ်းချမ်း စည်ပင်ခြင်း၊ စားဝတ်နေမှုပြည့်စုံဖူလုံ ကုံလုံ ကြွယ်ဝခြင်းရှိတဲ့အခြေအနေတစ်ရပ်ကို အမှန် တကယ်ရောက်ရှိကြမှာဖြစ်ပါတယ်။

**"စနစ်တစ်ခုနဲ့ လိုက်လျောညီထွေရှိတဲ့ စံတွေ (norms)၊ တစ်နည်းအားဖြင့် တန်ဖိုးတွေ (values)ဟာ စနစ်မှာလည်း ပြည့်ပြည့်ဝဝထင်ဟပ်နေဖို့ မဖြစ်မနေလိုအပ်သလို နိုင်ငံတွင်းမှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားတွေရဲ့ ပြုမူကြပုံ၊ လုပ်ကိုင်ဆောင်ရွက်ကြပုံ၊ တွေးခေါ်မြော်မြင်ကြပုံ၊ စိတ်ဓာတ်နဲ့ သဘောထားတွေ မှာလည်း ထင်ဟပ်နေဖို့ မဖြစ်မနေလိုအပ်တာဖြစ်ပါတယ်။ ဆိုလိုတာကတော့ စံတန်ဖိုးတွေဟာ စနစ်မှာရော လူ့အဖွဲ့အစည်း (နိုင်ငံသားတွေ) ဆီမှာပါ မှန်မှန် ကန်ကန် ပြည့်ပြည့်ဝဝထင်ဟပ်နေမှသာ အဲဒီစနစ်ကို လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ကြတဲ့နေရာမှာ ထိရောက်နိုင်မှာဖြစ်"**

ဒီအတွက် ပထမအဆင့်မှာ စနစ်နဲ့သက်ဆိုင် သမျှသော စံတန်ဖိုးတွေကို ကျကျနန ပြဋ္ဌာန်းဖို့ လိုအပ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ လူ့အဖွဲ့ အစည်းတစ်ရပ်လုံး (နိုင်ငံသားအားလုံး)က စံတန်ဖိုး တွေကို ကောင်းစွာနားလည်သဘောပေါက်ကြပြီး အစစ်အမှန်အလေးအနက် တန်ဖိုးထားကြဖို့ဖြစ်ပြီး တတိယအဆင့်အနေနဲ့ စံတန်ဖိုးတွေကို လေးစား လိုက်နာကြဖို့ လိုအပ်ပါတယ်။ ဒီအခြေအနေကို ရောက်ပြီဆိုရင် စနစ်တစ်ခုကို အကောင်အထည် ဖော်တဲ့အခါ ရလဒ်ကောင်းတွေ သေချာပေါက် ဖြစ်ထွန်းလာဖို့ အခြေအနေကောင်းတစ်ရပ်ကို တည်ဆောက်နိုင်ပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဒီလိုမှမလုပ်နိုင်ရင်တော့ စနစ်၊ စံနဲ့ ရလဒ်ကြား အပြန်အလှန် ဆက်နွယ်မှီခိုအကျိုးပြုမှု ပျက်ယွင်း တာကြောင့် စနစ်ဟာ နောက်ဆုံးပြိုလဲရတာပါပဲ။

ဒီတော့ စနစ်ကောင်းတစ်ရပ်ကို သတ်မှတ် ပြဋ္ဌာန်းလိုက်ကြရုံနဲ့ အကျိုးရလဒ်တွေဟာ သေချာ ပေါက်ရလာမယ်လို့ အာမခံချက်မရှိတဲ့အခြေအနေ တွေပေါ်ပေါက်လာတတ်တာ၊ တစ်ခါ အဲဒီစနစ် ကောင်းကို လက်တွေ့ကြိုးစားအကောင်အထည် ဖော်ကြပေမယ့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိတာ၊ နိုင်ငံသားတွေ လူမှုဘဝတွေ ပြည့်စုံ ကောင်းမွန်တဲ့အခြေအနေတစ်ရပ်ဆီ သိသိသာသာ ရောက်ရှိနိုင်ခြင်းမရှိတာဟာ စံတန်ဖိုးတွေက စနစ် မှာဖြစ်စေ၊ လူ့အဖွဲ့အစည်းမှာဖြစ်စေ ပီပီပြင်ပြင် နက်နက်ရှိုင်းရှိုင်း ထင်ဟပ်နေခြင်းမရှိတာကြောင့် ဖြစ်တယ်ဆိုတဲ့ အင်မတန်မှ အခြေခံကျတဲ့ အကြောင်းတရားကြောင့်ပဲဖြစ်ပါတယ်။

**စနစ်တစ်ခုရဲ့စံတန်ဖိုး**

ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ကျင့်ဝတ် တွေ စသည်အားဖြင့် စနစ်တွေအသီးသီးမှာ သတ်မှတ်ထားတာတွေ ကောင်းကောင်းမွန်မွန် ရှိပြီးသားဖြစ်ပါတယ်။ ဒီအကြောင်းအရာတွေဟာ စံတန်ဖိုးတွေ ဖြစ်တည်မှုအတွက် သတ်မှတ်ပြဋ္ဌာန်း ချက်တွေဖြစ်ပြီး ဒီအကြောင်းအရာတွေကိုယ်တိုင် ကလည်း စနစ်တစ်ခုရဲ့စံတန်ဖိုး (အစိတ်အပိုင်း တချို့) ဖြစ်ပါတယ်။ ဆိုလိုတာကတော့ လူ့အဖွဲ့ အစည်းတစ်ရပ်၊ နိုင်ငံတစ်ခုဟာ ဂုဏ်သိက္ခာတွေနဲ့ ပြည့်စုံစွာရပ်တည်နိုင်ဖို့၊ ဖွံ့ဖြိုးတိုးတက်နေဖို့ အတွက်၊ တစ်နည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်း အကောင်အထည်ဖော်နေတဲ့စနစ်ဟာ အလုပ်ဖြစ် အကျိုးရှိဖို့အတွက် စာအားဖြင့်ရေးသားပြဋ္ဌာန်း ထားတဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ စာအားဖြင့်ရေးသားသတ်မှတ်မထားပေမယ့်လည်း လူတစ်ယောက်ချင်းနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံး က လိုက်နာသင့်လိုက်နာအပ်တယ်လို့ အစဉ်အလာ အရ ပြဋ္ဌာန်းထားတဲ့ကျင့်ဝတ်တွေအတိုင်း စနစ်ကို လည်း တိတိကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်သလို လူ့အဖွဲ့အစည်း (နိုင်ငံသားတွေ) ကလည်း တန်ဖိုးထားလိုက်နာကြဖို့ဖြစ်ပါတယ်။ ဒီအခြေအနေကို ရရှိရောက်ရှိကြမှသာ စနစ် (ကောင်း) တစ်ရပ်ဟာ စတင်သက်ဝင်လှုပ်ရှားလာ နိုင်မှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် စနစ်ဟာ အကျိုးရလဒ်ကောင်းတွေဆီ ဦးတည်ရွေ့လျားနိုင် မှာဖြစ်ပါတယ်။ (အခြားသော အရေးကြီးတဲ့စံတန်ဖိုး တွေကတော့ လွတ်လပ်မှု၊ တရားမျှတမှု၊ စာနာမှု၊ လူ့အဖွဲ့အစည်းနဲ့ လူနဲ့ကြားမှာ ရှိသင့်ရှိထိုက်တဲ့ အပြန်အလှန် ထောက်ပံ့အကျိုးပြုမှု၊ တစ်ပါးသူရဲ့ အခွင့်အရေးတွေနဲ့ ရပ်တည်မှု၊ ယုံကြည်မှုကို လေးစားတန်ဖိုးထားမှု၊ မိမိဂုဏ်သိက္ခာ၊ တစ်ပါးသူ ဂုဏ်သိက္ခာ၊ လူ့အဖွဲ့အစည်းဂုဏ်သိက္ခာနဲ့ နိုင်ငံ ဂုဏ်သိက္ခာတို့ကို စောင့်ရှောက်လိုစိတ်ရှိမှု စတဲ့ နိုင်ငံတစ်ခုရဲ့ပုံရိပ်မှာရော နိုင်ငံသားတွေထံမှာပါ မဖြစ်မနေရှိသင့်ရှိအပ်တဲ့ စံတန်ဖိုးတွေ ဖြစ်ပါ တယ်။)

ဒီစံတန်ဖိုးတွေဟာ အနှစ်သာရအပြည့်အဝ တည်ရှိဖြစ်ထွန်းနေဖို့အတွက် စနစ်ဟာ သတ်မှတ် ထားတဲ့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ၊ ကျင့်ဝတ်တွေနဲ့အညီ အကောင်အထည်ဖော်နေဖို့၊ လည်ပတ်နေဖို့ လိုအပ်ပါတယ်။

ဖော်ပြပါအခြေအနေတွေ စတင်တည်ရှိ ဖြစ်ထွန်းလာပြီဆိုတာနဲ့ စနစ်တစ်ခုရဲ့ ကောင်းကျိုး တွေဟာလည်း စတင်ဖြစ်ထွန်းတည်ရှိလာတတ်တဲ့ သဘောသဘာဝရှိပါတယ်။ ဆန့်ကျင်ဘက်အား ဖြင့် ဖော်ပြပါစံတန်ဖိုးတွေဟာ စနစ်မှာရော လူ့အဖွဲ့အစည်း (နိုင်ငံသားတွေ) မှာပါ ထင်ဟပ် နေခြင်းမရှိဘူးဆိုရင်တော့ ဘယ်လိုကောင်းကျိုး ရလဒ်ကိုမှ မျှော်လင့်ဖို့ ဖြစ်ထွန်းလာဖို့ မဖြစ်နိုင်ပါ ဘူး။ စနစ်တစ်ခုကို ရေးဆွဲသတ်မှတ်ပြဋ္ဌာန်းပြီး လက်တွေ့ အကောင်အထည်ဖော်ကြတာချင်း အတူတူ တချို့သောစနစ်တွေ သို့တည်းမဟုတ် တချို့သောနိုင်ငံတွေက စနစ်ရဲ့ ကောင်းကျိုးရလဒ် တွေ ပေါ်ထွက်ဖြစ်ထွန်းတာ၊ တချို့နိုင်ငံတွေမှာ အများကြီးဖြစ်ထွန်းပြီး တချို့နိုင်ငံတွေမှာ အတော် အသင့်သာ ဖြစ်ထွန်းတာ၊ တချို့နိုင်ငံတွေမှာတော့ ကောင်းကျိုးရလဒ် လုံးဝဖြစ်ထွန်းမလာနိုင်တာ စတဲ့အကျိုးဆက်အားလုံးဟာ စနစ်ကိုသာ အကောင်အထည်ဖော်ပြီး လိုအပ်တဲ့ မရှိမဖြစ် စံတန်ဖိုးတွေ ဖြစ်တည်လာအောင် စွဲမြဲနေအောင် ဆောင်ရွက်ရေး ဘယ်လောက်ကြိုးစားအားထုတ် သလဲဆိုတဲ့အတိုင်းအတာနဲ့ ဘယ်လောက်မေ့လျော့ ပျက်ကွက်နေကြသလဲဆိုတဲ့ အတိုင်းအတာပေါ်မှာ လုံးလုံးမူတည်တာပဲဖြစ်ပါတယ်။

ဒါကြောင့် ဘယ်လိုစနစ်မျိုးကိုပဲရွေးချယ်တာ ပဲဖြစ်စေ၊ ပြဋ္ဌာန်းတာပဲဖြစ်စေ၊ အကောင်အထည် ဖော်တာပဲဖြစ်စေ ရလဒ်ကောင်းတွေရရှိစေဖို့ဆိုရင်၊ တစ်နည်းအားဖြင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ အကျိုးစီးပွားကို စနစ်အားဖြင့် ဖြစ်ထွန်းပေါ်ပေါက် စေဖို့ဆိုရင် စနစ်၊ စံတန်ဖိုးတွေနဲ့ ရလဒ်တို့အကြားရှိ နက်နဲတဲ့ဆက်နွယ်မှုကို မဖြစ်မနေထည့်သွင်း စဉ်းစား အကောင်အထည်ဖော်ဆောင်ရွက်ကြရမှာ ဖြစ်တဲ့အကြောင်း လေးစားစွာ တင်ပြအပ်ပါ တယ်။ ။

## ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းအား ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ အသိပေးတိုက်တွန်းချက်အား ထုတ်ပြန်ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ကိုဗစ်-၁၉ ရောဂါကူးစက်မှုအခြေအနေအပေါ် မူတည်၍ ပြောင်းလဲဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့် ပြည်သူလူထုမှ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ သိသိသာသာ ကျဆင်းလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ လိုက်နာကျင့်သုံးဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများအနက် အောက်ဖော်ပြပါအခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်းအား တပ်ဆင်သင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်/လေထွက်မကောင်းသော နေရာများတွင် ရှိနေချိန် (လူတစ်ဦးနှင့်တစ်ဦး (၃)ပေခြား၍ နေထိုင်ရန် မဖြစ်နိုင်သော အခြေအနေ)၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့် ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

(ဂ) ဆေးရုံ/ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့ သွားရောက်ခြင်း၊

(ဃ) ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံးနိုင်ခြေ မြင့်မားသူများ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ် ရောဂါရှိသူများ၊ ကိုယ်ခံအား နည်းသူများ၊ အဝလွန်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းမရှိသူများ၊ အထွေထွေကျန်းမာရေးမကောင်းသူများ)၊

(င) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့် လက္ခဏာများရှိသူ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၀၃ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် လေးဦး တွေ့ရှိ

### ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၀၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၄၄,၉၄၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၁၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၉၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၂-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၄၉,၉၄၇) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၃၃,၅၀၉) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၅-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၄၉,၉၄၇ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၃၃,၅၀၉ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများ လှည့်လည်ကြည့်ရှု၊ စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ဆေးရုံ၌ ဆရာဝန်ကြီးများနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းသည်ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများသို့ သွားရောက်ကြည့်ရှုပြီး စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုပြီး တိုင်းရင်းဆေးရုံတွင် တက်ရောက်ဆေးကုသခံနေကြသည့် လူနာများအားလှည့်လည်ကြည့်ရှုပြီး အားပေးစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးသို့ သွားရောက်ကြည့်ရှုသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ အခြားကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ဝန်ထမ်းများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ FDA ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာကြည်လွင်က ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်မှုနှင့် စစ်တွေဆေးရုံကြီး လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက်လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဆေးရုံကြီးအတွင်း ပြင်ပလူနာဌာန၊ ဖျားနာဆေးကုသဆောင်၊ ကလေးလူနာကုသဆောင်၊ မျက်စိလူနာကုသဆောင်၊ နားနှာခေါင်း လည်ချောင်း လူနာကုသဆောင်နှင့် ကျောက်ကပ်သန့်စင်ဌာနတို့ကို လှည့်လည်ကြည့်ရှုရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ၎င်း၏သမီးနှင့်အတူ ဆောက်လုပ်ရေးစီမံကိန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**ပြုံယမ်း ဖေဖော်ဝါရီ ၂၆**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ၎င်း၏သမီးနှင့်အတူ ပြုံယမ်းမြို့တော် ဆောက်လုပ်ရေးစီမံကိန်းတစ်ခု၏ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရပိုင်မီဒီယာက သတင်းဖော်ပြသည်။

အဆိုပါအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျင်းပခဲ့ကြောင်း Korean Central TV က ယနေ့ သတင်းတွင် ဖော်ပြခဲ့သည်။

အဆိုပါစီမံကိန်းသည် အိမ်ထောင်စုပေါင်း ၄၀၀၀ ကျော် နေထိုင်ရန် အထပ်မြင့်အိမ်ရာများ ဆောက်လုပ်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများတွင် နိုင်ငံတစ်ဝန်းမှ လူငယ် ၁၀၀၀၀၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် ပွဲထိန်းဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုတွင်လည်း ဖခင်ဖြစ်သူနှင့်အတူ ကင်ဂျုံအန်သမီး၏ ဓာတ်ပုံများကို မြောက်ကိုရီးယားမီဒီယာများက ပထမဆုံး ချပြခဲ့သည်။

ခေါင်းဆောင်ကင်သည် ၎င်း၏သမီးကို စီးပွားရေးဆိုင်ရာအခမ်းအနားသို့ ပထမဆုံးအကြိမ် ခေါ်ဆောင်လာသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ ကင်ဂျုံအန်သည် မျိုးဆက်သစ်များအတွက် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ၎င်း၏ ကတိကဝတ်ကို အလေးပေးဖော်ပြရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

ယခုအခမ်းအနားသို့ တက်ရောက်လာသည့် ခေါင်းဆောင်ကင်၏ ဒုတိယမြောက်သမီးသည် ခေါင်းဆောင်ကင်၏နေရာကို ဆက်ခံမည့်သူဖြစ်နိုင်ဖွယ်ရှိကြောင်း လေ့လာသုံးသပ်သူအချို့က ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**






# အီတလီနိုင်ငံ ကမ်းရိုးတန်း၌ ရွှေ့ပြောင်းဒုက္ခသည်တင်စက်လှေ တိမ်းမှောက်မှုကြောင့် အနည်းဆုံး ၃၀ သေဆုံး

**ရောမ ဖေဖော်ဝါရီ ၂၆**

အီတလီနိုင်ငံ ကမ်းရိုးတန်းဒေသ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရွှေ့ပြောင်းဒုက္ခသည်တင် စက်လှေတစ်စင်း တိမ်းမှောက်မှုကြောင့် အနည်းဆုံး ၃၀ သေဆုံးခဲ့ကြောင်း အီတလီနိုင်ငံမီဒီယာများ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အီတလီနိုင်ငံပိုင် အသံလွှင့်ဌာန၏ ထုတ်ပြန်ချက်အရ ဖေဖော်ဝါရီ ၂၆ ရက် မွန်းလွဲပိုင်းအချိန်အထိ သေဆုံးသူအရေအတွက်ကို တိတိကျကျ ပြောကြားနိုင်ခဲ့ခြင်းမရှိသေးကြောင်း သိရသည်။ သို့ရာတွင် အီတလီသတင်းအေဂျင်စီ ANSA ကမူ ရွှေ့ပြောင်းဒုက္ခသည်တင် စက်လှေတိမ်းမှောက်မှုကြောင့် ကလေးငယ်များနှင့် အမျိုးသမီးများအပါအဝင် ၃၃ ဦးသေဆုံးခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

ယင်းစက်လှေတိမ်းမှောက်မှုကြောင့် သေဆုံးသူ ၄၀ ကျော်အထိ မြင့်တက်လာဖွယ်ရှိကြောင်းနှင့် အဆိုပါစက်လှေသည် ကလေးငယ်အများစုအပါအဝင် ရွှေ့ပြောင်းဒုက္ခသည် ၁၀၀ ကျော် တင်ဆောင်လာခြင်းဖြစ်ကြောင်း သိရသည်။ ယင်းရွှေ့ပြောင်းဒုက္ခသည်များအနက် အများစုသည် အီရန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှ ဖြစ်ကြောင်း သိရသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးက ထုတ်ပြန်သည့် အချက်အလက်များအရ အီတလီနိုင်ငံသို့ ရောက်ရှိလာခဲ့သည့် ရွှေ့ပြောင်းဒုက္ခသည်များသည် ပြီးခဲ့သည့်လေးနှစ်အတွင်း သိသိသာသာတိုးလာခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်က ၁၁၅၀၀ ရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၄၀၀၀ ကျော်၊ ၂၀၂၁ ခုနှစ်တွင် ၆၇၅၀၀ ရှိရာမှ ပြီးခဲ့သည့်နှစ်ကမူ ၁၀၅၀၀၀ အထိတိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# တူကီယဲနိုင်ငံ၌ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများပြိုကျမှုအပေါ် တာဝန်ရှိသူ ၁၈၄ ဦးကို ဖမ်းဆီး

**အန်ကာရာ ဖေဖော်ဝါရီ ၂၆**

ဆီးရီးယားနိုင်ငံနယ်စပ်အနီး တူကီယဲနိုင်ငံ တောင်ပိုင်း၌ မကြာသေးမီက ပြင်းထန်စွာလှုပ်ခတ်ခဲ့သော ငလျင်ကြောင့် အဆောက်အအုံများပြိုကျမှုနှင့် ပတ်သက်၍ တူကီယဲတရားရေးအာဏာပိုင်များက ၎င်းတို့၏ စုံစမ်းစစ်ဆေးမှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ လက်ရှိအချိန်အထိ အဆောက်အအုံများ ပြိုကျမှုနှင့်ပတ်သက်ပြီး တာဝန်ရှိသူ ၁၈၄ ဦးအား ဖမ်းဆီးထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက်က ပြင်းအား ၇ ဒသမ ၈ ရှိ ငလျင်နှင့် နောက်ဆက်တွဲငလျင်များ လှုပ်ခတ်ခဲ့ရာ တူကီယဲနိုင်ငံ၌ အနည်းဆုံး ၄၄၂၁၈ ဦးနှင့် ဆီးရီးယားနိုင်ငံ၌ ၅၉၁၄ ဦး သေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သည်။ ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအပိုင်းအစများအတွင်း သေဆုံးသူအများအပြားကိုလည်း ထပ်မံတွေ့ရှိနိုင်ဖွယ်ရှိသည်။

အဆောက်အအုံပြိုကျမှုများနှင့် ပတ်သက်သော တာဝန်ရှိသူ ၁၈၄ ဦးကို ဖမ်းဆီးထားကြောင်း တရားရေးဝန်ကြီး Bekir Bozdag က ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။ ငလျင်ဗဟိုချက်အနီးတွင် ရှိသည့် နာဒါဂီခရိုင်မှ အစိုးရရှေ့နေများက ဒေသခံမြို့တော်ဝန်အား အဆောက်အအုံပြိုကျမှုတွင် ၎င်း၏ ကုမ္ပဏီပါဝင်ပတ်သက်နေခြင်းကြောင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ ပြိုကျရခြင်းအပေါ် သေဆုံးသူများ၏ဆွေမျိုးသားချင်းများက ကျေနပ်မှုမရှိကြောင်း သိရသည်။ တူကီယဲနိုင်ငံ၌ အဆောက်အအုံ ၁၇၃၀၀၀ ခန့် ပြိုကျသည် (သို့မဟုတ်) ဖြိုချဖျက်ဆီးရမည့်အခြေအနေအထိ ပျက်စီးခဲ့သည်။

အိုးအိမ်ဆုံးရှုံးသွားသည့် ငလျင်ဘေးသင့်ပြည်သူများက သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီများကို အရေးယူရန် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# သီရိလင်္ကာနိုင်ငံက ကမ္ဘာလှည့်ခရီးသွားများအား အထောက်အကူဖြစ်စေမည့် ခရီးသွားမိုဘိုင်းအက်ပလီကေးရှင်းတစ်ခု ဝန်ဆောင်မှုပေးမည်

**ကိုလံဘို ဖေဖော်ဝါရီ ၂၆**

သီရိလင်္ကာနိုင်ငံက ကမ္ဘာလှည့်ခရီးသွားများအား အထောက်အကူဖြစ်စေရန်နှင့် လုံခြုံရေးဆိုင်ရာကာကွယ်မှုများပေးရန်အတွက် မတ် ၁ ရက်မှစတင်ပြီး ခရီးသွားမိုဘိုင်းအက်ပလီကေးရှင်းတစ်ခုကို စတင်ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဟာရင်ဖာနန်ဒိုက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါ ခရီးသွားမိုဘိုင်း အက်ပလီကေးရှင်းသည် ခရီးသွားများ ဘေးကင်းစေရန်အတွက်တီထွင်ဖန်တီးထားပြီး ဒေသတွင်း၌ အကောင်းဆုံးမိုဘိုင်းအက်ပလီကေးရှင်းတစ်ခုဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ဖာနန်ဒိုက ဆိုသည်။ ယင်းအက်ပလီကေးရှင်းကို ဘာသာစကားခုနစ်မျိုးဖြင့် အသုံးပြုနိုင်သည်။

ထို့ပြင် ၎င်းအက်ပလီကေးရှင်းကို သုံးဘီးယာဉ်မောင်းများအားလုံး၏ ဖုန်းများတွင် ထည့်သွင်းမှတ်ပုံတင်ထားမည်ဖြစ်ပြီး နိုင်ငံခြားခရီးသွားများ စကင်န်ဖတ်ရန်အတွက် ယာဉ်အားလုံးပေါ်တွင် ဘားကုဒ်တစ်ခုထားရှိသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။ကမ္ဘာလှည့်ခရီးသွားတစ်ဦးက ဘားကုဒ်ကို စကင်န်ဖတ်ပြီး မတော်တဆမှုတစ်ခုကို သတင်းပို့သည်ဆိုပါက နယ်မြေခံရဲအရာရှိနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ တာဝန်ရှိသူများက အရေးယူမှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက အက်ပလီကေးရှင်းကို ပံ့ပိုးကူညီရန် call center (ဆက်သွယ်ရေးစင်တာ) တစ်ခုဖွင့်လှစ်ပြီး ၂၄ နာရီ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ရဲအရာရှိများက ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အက်ပလီကေးရှင်းကို စောင့်ကြည့်ရမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် နိုင်ငံတွင်း စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် ဆုတ်ယုတ်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။ သီရိလင်္ကာသည် ၂၀၂၃ ခုနှစ်တွင် ခရီးသွား ၁ ဒသမ ၅ သန်းခန့်နှင့် ၂၀၂၄ ခုနှစ်တွင် ခရီးသွားသုံးသန်းခန့် ဆွဲဆောင်နိုင်ရန် ရည်မှန်းထားသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ပင်လယ်ရေမြင့်တက်မှုကြောင့် နိုင်ငံအချို့ ပျောက်ကွယ်သွားနိုင်

**ကမ္ဘာတစ်ဝန်း ပင်လယ်ရေမျက်နှာပြင်သည် ၁၉၀၀ ပြည့်နှစ်မှစ၍ ပိုမိုလျင်မြန်စွာ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂအကြီးအကဲက သတိပေးထားသည်။ ယင်းသို့ ပင်လယ်ရေမြင့်တက်မှုကြောင့် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် နယ်သာလန်ကဲ့သို့သော နိုင်ငံအချို့တွင် ရေကြီးနစ်မြုပ်မှုအန္တရာယ်ရှိနေပြီး မြေနိမ့်ပိုင်း ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူလူဦးရေ သန်း ၉၀၀ ကို အန္တရာယ်ဖြစ်စေသည်။**

**မောင်သာယာ**



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဖေဖော်ဝါရီ ၁၄ ရက် ကုလသမဂ္ဂလုံခြုံရေးကောင်စီ မိန့်ခွန်းတွင် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ အကယ်၍ ကမ္ဘာ့အပူချိန်သည် ပျမ်းမျှ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် တိုးလာမည်ဆိုပါက ပင်လယ်ရေမျက်နှာပြင် အလွန်မြင့်တက်လာမည်ဖြစ်ကြောင်း ဂူတာရက်စ်က ထုတ်ပြန်ကြေညာခဲ့သည်။

ကမ္ဘာကြီးသည် ပူနွေးစေမည့် လမ်းကြောင်းပေါ်တွင် ရောက်နေဖွယ်ရှိကြောင်း ဂူတာရက်စ်က သတိပေးထားသည်။ ယင်းကဲ့သို့ ကမ္ဘာကြီးပူနွေးလာပြီး ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာလျှင် နိုင်ငံအများအပြား အထူးသဖြင့် ကျွန်းနိုင်ငံငယ်လေးများမှာ ပျောက်ကွယ်သွားနိုင်သည်ဟု ၎င်းကပြောကြားသည်။

မြို့ကြီးအများအပြားသည် ပင်လယ်ရေမြင့်တက်လာမှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဂူတာရက်စ်က ပြောကြားသည်။ ၎င်းစာရင်းပြုစုထားသည့် မြို့ကြီးများမှာ အာဖရိကတွင် ကိုင်ရိုမြို့၊ လာဂေါ့စ်မြို့နှင့် မာပိုတိုမြို့၊ အာရှတွင် ဘန်ကောက်၊ ဒါကာ၊ ဂျကာတာ၊ မွမ်ဘိုင်းနှင့် ရှန်ဟိုင်းမြို့တို့ဖြစ်ကြသည်။ ပင်လယ်ရေမြင့်တက်လာမှု အန္တရာယ်နှင့်ရင်ဆိုင်နေရသည့် အခြားသောမြို့ကြီးများမှာ ဥရောပတွင် ကိုပင်ဟေဂင်နှင့် လန်ဒန်၊ အမေရိကတွင် လော့စ်အိန်ဂျလိစ်၊ နယူးယောက်၊ ဗျူနိုအေးရိစ်နှင့် ဆန်တီယာဂိုမြို့တို့ဖြစ်ကြသည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့က ပင်လယ်ရေမြင့်တက်လာမှုအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည်ဟု ဂူတာရက်စ်က ပြောကြားသည်။ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀၀ အတွင်း ယခင်ရာစုနှစ်များထက် ၁၉၀၀ ပြည့်နှစ်မှစ၍ ပိုမိုလျင်မြန်စွာ မြင့်တက်လာခဲ့ကြောင်းနှင့် ကမ္ဘာ့သမုဒ္ဒရာသည် လွန်ခဲ့သောနှစ်ပေါင်း ၁၁၀၀၀ ကာလအတွင်း ပြီးခဲ့သည့် ရာစုနှစ်များအတွင်း ပိုမိုပူနွေးလာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာကြီးပူနွေးမှုကို ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ ကန့်သတ်ထားနိုင်မည်ဆိုလျှင်ပင် လာမည့်နှစ်ပေါင်း ၂၀၀၀ အတွင်း ပင်လယ်ရေမျက်နှာပြင်သည် နှစ်မီတာမှ သုံးမီတာအထိ မြင့်တက်လာဖွယ်ရှိကြောင်း၊ ၂ ဒီဂရီစင်တီဂရိတ် တိုးလာလျှင် ပင်လယ်ရေမျက်နှာပြင်သည် ခြောက်မီတာ မြင့်တက်လာမည်ဖြစ်ပြီး ၅ ဒီဂရီစင်တီဂရိတ် တိုးလာလျှင် ပင်လယ်ရေမျက်နှာပြင်သည် ၂၂ မီတာ မြင့်တက်လာမည်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က ပြောကြားသည်။

အကျိုးဆက်များမှာ ခန့်မှန်း၍မရနိုင်အောင်ပင်ဖြစ်ရသည်ဟု ဂူတာရက်စ်က ဆိုသည်။ မြေနိမ့်ပိုင်း ကမ်းရိုးတန်းဒေသများတွင် နေထိုင်သည့်လူမှုအသိုင်းအဝိုင်းနှင့် နိုင်ငံတစ်ခုလုံး ပျောက်ကွယ်သွားနိုင်သည့် အဖြစ်များနှင့် ကြုံတွေ့ရနိုင်သည်။ ကမ္ဘာပေါ်တွင် လူအစုလိုက် အပြုံလိုက် နေရာပြောင်းရွှေ့ရသည့် အလွန်ထိတ်လန့်စရာကောင်းသော အဖြစ်မျိုး မြင်တွေ့ရဖွယ်ရှိသည်။ ရေချို၊ မြေယာနှင့် အခြားသော အရင်းအမြစ်များအတွက် ပြိုင်ဆိုင်မှုများ ပိုမိုပြင်းထန်လာလိမ့်မည်ဟု ဂူတာရက်စ်က ပြောကြားသည်။

**“မြို့ကြီး အများအပြားသည် ပင်လယ်ရေမြင့်တက်လာမှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ဂူတာရက်စ်က ပြောကြားသည်။ ၎င်းစာရင်းပြုစုထားသည့် မြို့ကြီးများမှာ အာဖရိကတွင် ကိုင်ရိုမြို့၊ လာဂေါ့စ်မြို့နှင့် မာပိုတိုမြို့၊ အာရှတွင် ဘန်ကောက်၊ ဒါကာ၊ ဂျကာတာ၊ မွမ်ဘိုင်းနှင့် ရှန်ဟိုင်းမြို့တို့ ဖြစ်ကြသည်။ ပင်လယ်ရေမြင့်တက်လာမှုအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် အခြားသောမြို့ကြီးများမှာ ဥရောပတွင် ကိုပင်ဟေဂင်နှင့် လန်ဒန်၊ အမေရိကတွင် လော့စ်အိန်ဂျလိစ်၊ နယူးယောက်၊ ဗျူနိုအေးရိစ်နှင့် ဆန်တီယာဂိုမြို့တို့ဖြစ်”**

၂၀၁၅ ပါရီသဘောတူညီချက်သည် ယနေ့စက်မှုခေတ်ကာလမတိုင်မီ အချိန်များနှင့်နှိုင်းယှဉ်ကာ ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့အပူချိန် ပျမ်းမျှ ၂ ဒီဂရီစင်တီဂရိတ် အထိ မြင့်တက်မှုကို ကန့်သတ်နိုင်ရန် နိုင်ငံများကို တောင်းဆိုထားသည်။ ဆိုလိုသည်မှာ နိုင်ငံများအနေဖြင့် မြင့်တက်လာသည့်အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်အထိ တတ်နိုင်သမျှ ထိန်းချုပ်ထားသင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် နိုင်ငံပေါင်း ၇၅ နိုင်ငံမှ တင်ပြဆွေးနွေးချက်ကို ကြားနာခဲ့သည်။ ဆွေးနွေးချက်အားလုံးမှာ စိုးရိမ်စိတ်များ ရှိနေကြသည်။ အချို့က ၎င်းတို့နိုင်ငံများ၏ ရှင်သန်ရပ်တည်နိုင်ရေးအတွက် စိုးရိမ်နေကြသည်။ ဆာမိုအာကျွန်းနိုင်ငံ၏ ကုလသမဂ္ဂသံအမတ်ကြီး ပါအိုလေလီ လူးတေရိုသည် ကျွန်းနိုင်ငံငယ်များ မဟာမိတ်အဖွဲ့အတွက် မိန့်ခွန်းပြောကြားခဲ့သည်။ ပါအိုလေလီ လူးတေရိုက ကျွန်းနိုင်ငံများသည် ရာသီဥတုပြောင်းလဲမှုနှင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုကို ဖြစ်စေသော ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အနည်းဆုံးနိုင်ငံများတွင် ပါဝင်ကြောင်း၊ သို့သော်လည်း ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှု၏ အကျိုးဆက်ကို အဆိုးရွားဆုံး ရင်ဆိုင်နေရပါကြောင်း ပြောကြားသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်များကို ဖြည့်ဆည်းပေးပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကို အကူအညီပေးရန် အရေးတကြီး လိုအပ်နေပါကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ပါအိုလေလီ လူးတေရို၏ ပြောကြားချက်ကို ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမျိုးသမီးသံအမတ်ကြီး လင်ဒါသောမတ်စ်-ဂရင်းဖီးလ်က သဘောတူထောက်ခံသည်။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှု၏ ခြိမ်းခြောက်မှုမှာ အမှန်တကယ်ဖြစ်ကြောင်း၊ ယင်းမှာ ရာသီဥတုပြောင်းလဲမှု၏ တိုက်ရိုက်အကျိုးဆက်ဖြစ်ကြောင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စဖြစ်ကြောင်း လင်ဒါက ပြောကြားသည်။ အဆိုးရွားဆုံး အကျိုးသက်ရောက်မှုများကို ရှောင်လွှဲ၍ရနိုင်ပါကြောင်း၊ သို့သော်ကျွန်မတို့ ယခုအချိန်ကစပြီးလုပ်ဆောင်ရမှာဖြစ်ပြီး အတူတကွ လုပ်ဆောင်ကြရမှာဖြစ်ကြောင်း သူက ဆက်လက်ပြောကြားသည်။

**ကိုးကား- UN Chief: Rising Seas a ‘Death Sentence’ for Some Nations ကို ဘာသာပြန်သည်။**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တောင်စုရပ်ကွက်နေ ခိုင်ဖူးဝေသည် ၎င်းအသုံးပြုသည့် “Khaing Phoo Wai” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စဉ့်ငူရပ်ကွက်နေ နေဇော်အောင်(ခ) အမောင်သည် ၎င်းအသုံးပြုသည့် “A Maung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော်ခြောက်ပါးအား မင်္ဂလဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း(YMBA)ဗဟိုက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ သံဃာတော် ခြောက်ပါးအား မင်္ဂလဓမ္မဇောတိက ဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းနှင့်ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ထန်းတပင်မြို့နယ် ကျောင်းကုန်းကျေးရွာရှိ ရတနာသိင်္ဃီကျောင်းတိုက်၌ ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ် ပရိယတ္တိစာသင်တိုက်ကြီး၏ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ စန္ဒနသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA)ဗဟိုမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၏ ဩဝါဒါစရိယ တိပိဋက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ပဓာန နာယက ပဏ္ဍာသမဏ၊ မဟာသဒ္ဓမ္မဇောတိကဓဇ မဟာမင်္ဂလဓမ္မဇောတိကဓဇ ပွင့်လင်းဆရာတော် ဘဒ္ဒန္တဝညိန္ဒ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ကျောက်မဲမြို့ သီဟိုဠ် ပရိယတ္တိစာသင်တိုက်ကြီး၏ပဓာန နာယက ဆရာတော်ထံမှ သာရဏီယ ဩဝါဒကထာ နာယူကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟို ဒုတိယဥက္ကဋ္ဌ ဦးဟန်မြင့်က မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

သတင်းစဉ်

## ကျောက်တံတားမြို့နယ်အတွင်း ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်အတွင်း အများပြည်သူများလျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး၊ ဓာတ်အားပြတ်တောက်မှုမဖြစ်ပေါ်စေရေးနှင့် ဗို့အား ပြည့်ဝစွာအသုံးပြုနိုင်ရေးတို့အတွက် ၆ ဒသမ ၆ ကေဗွီ မီးရထား-စပတ်လမ်း ဖီဒါ၊ ဗိုလ်ချုပ်လမ်း(ဆူးလေ-ဗိုလ်အောင်ကျော်လမ်း)တစ်လျှောက် ကောင်းကင်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသောသစ်ပင် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှဝန်ထမ်း ၁၀ ဦး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ဝန်ထမ်း ၁၅ ဦးတို့က အမှိုက်သိမ်း ယာဉ်နှစ်စီးဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်မောင်(လျှပ်စစ်)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၂-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၅၀ | ၂၂၆၅ | ၂၁၆၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၀၅ | ၂၂၀၅ | ၂၄၃၅ | ၂၈၁၀ |
| 95 Ron | ၂၁၉၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၅၀ | ၂၂၃၀ | ၂၃၂၅ | ၂၃၄၀ | ၂၂၃၅ | ၂၂၅၀ | ၂၂၈၀ | ၂၂၈၀ | ၂၂၈၅ | ၂၅၁၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၇၅ | ၂၂၁၅ | ၂၂၄၀ | ၂၂၃၅ | ၂၂၀၀ | ၂၃၂၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၂၅၀ | ၂၃၀၀ | ၂၂၉၅ | ၂၂၅၅ | ၂၂၉၅ | ၂၃၂၀ | ၂၃၁၅ | ၂၂၈၀ | ၂၄၀၀ | ၂၃၉၅ | ၂၂၉၀ | ၂၃၀၀ | ၂၃၃၅ | ၂၃၃၅ | ၂၃၄၀ | ၂၅၆၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၀ | ၂၀၈၄ |
| 95 Ron | ၂၀၈၄ | ၂၁၆၀ |
| HSD (500 ppm) | ၂၀၆၃ | ၂၁၃၃ |
| HSD (50 ppm) | ၂၁၃၇ | ၂၂၀၉ |
| HSD (10 ppm) | ၂၁၃၇ | ၂၂၀၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၆

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ် ရွှေစာရံလမ်းရှိ တက္ကသိုလ်၏ မဥ္ဇူသကခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးအောင်ဆန်းဦး၊ တိုင်းဒေသကြီးအတွင်းရှိတက္ကသိုလ်များမှ ဖိတ်ကြားထားသော ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ် စသည့် အနုပညာရှင်များကို မွေးထုတ်ပေးလျက်ရှိရာ (၂၂)နှစ်တာကာလတိုင်ပြီဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံ၏အမျိုးသား ယဉ်ကျေးမှုနှင့် တိုင်းရင်းသားတို့၏ ရိုးရာအနုပညာရပ်များကို မပျောက်ပျက်အောင်၊ ထာဝစဉ်တည်တံ့အောင် ကမ္ဘာ့အလယ်တွင် မြန်မာ့ယဉ်ကျေးမှုအဆင့်အတန်းကို ပြသနိုင်အောင် အနုသုခုမပညာရပ်များကို လက်ဆင့်ကမ်းသင်ယူလေ့လာကြပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်ဆောင်ရွက်ကြသူများဖြစ်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ သုခုမအနုပညာရပ်များ ထာဝစဉ်တည်တံ့စေရန် စွမ်းဆောင်နိုင်သော သုတေသနလုပ်ငန်းများ ပိုမိုလုပ်ဆောင်ပြီး တိုင်းပြည်အကျိုး ထမ်းရွက်သယ်ပိုးသူများဖြစ်သည်အထိ အားထုတ်ကြိုးပမ်းနေကြရမည်ဖြစ်ကြောင်း၊ ဝေဖန်သုံးသပ်နိုင်စွမ်း၊ တီထွင်နိုင်စွမ်း၊ စုပေါင်းဆောင်ရွက်နိုင်စွမ်းများရှိရန် ဝေဖန်ဆန်းစစ်ကာ အမြဲကြိုးစား၍ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်နေရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ဦးအောင်ဆန်းဦးက မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် တက္ကသိုလ်၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများ၊ ယဉ်ကျေးမှုအကအလှများ ဖျော်ဖြေတင်ဆက်မှုများ၊ တက္ကသိုလ်မောင်နှင့်တက္ကသိုလ်မယ် ရွေးချယ်မှုများကို ကြည့်ရှုအားပေးကာ ဆုများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြကြောင်း သိရသည်။ **သတင်းစဉ်**

---

# ငွေဆောင်မြို့အတွင်း ပလတ်စတစ်သုံးစွဲမှုလျော့ကျစေရန် ပလတ်စတစ်ကမ်ပိန်းပြုလုပ်

ငွေဆောင် ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ ယနေ့နံနက် ၉ နာရီမှစ၍ မြို့အဆင့်ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် မြို့အတွင်းရှိ လူစည်ကားရာနေရာများသို့ သွားရောက်ကာ ပြည်သူများ ပလတ်စတစ်သုံးစွဲမှုလျော့ကျစေရေးအတွက် ပလတ်စတစ်ကမ်ပိန်းပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် တာဝန်ရှိသူများစုပေါင်းကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ရှေးဦးစွာ မြို့မဈေးအတွင်းသွားရောက်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချစို့ ဟူသော ဆောင်ပုဒ်နှင့်အညီ ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးနှိုးဆော်ခြင်း၊ အသိပညာပေးစာစောင်များ ဖြန့်ဝေခြင်း၊ ဈေးသူ၊ ဈေးသားများအနေဖြင့် ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်ရာတွင် ပလတ်စတစ်အစား ကြာဖက်၊ အင်ဖက်၊ သတင်းစာစက္ကူ၊ ငှက်ပျောရွက် စသည့် ပစ္စည်းများဖြင့် အစားထိုးသုံးစွဲရန် အသိပညာပေးခဲ့ကြောင်း သိရသည်။ မြို့အတွင်း ကမ်ပိန်းပြုလုပ်ရာတွင် ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးခြင်းအား အသံချဲ့စက်ဖြင့် လိုက်လံနှိုးဆော်ခဲ့ကြောင်း သိရသည်။ **ငွေဆောင်(ပြန်/ဆက်)**

---



# ချောင်းသာမြို့၌ အများပြည်သူပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ်ဖြစ်ပေါ်လာစေရေးနှင့် ပလတ်စတစ် အမှိုက်ကင်းစင်ရေး အသိပညာပေးလှုပ်ရှားမှု ပြုလုပ်

ချောင်းသာ ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့တွင် အများပြည်သူ ပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ် ဖြစ်ပေါ်လာစေရေးနှင့် ပလတ်စတစ် အမှိုက်ကင်းစင်ရေး အသိပညာပေးလှုပ်ရှားမှုကို ယနေ့နံနက် ၁၀ နာရီတွင် မြို့အဆင့် ဌာနဆိုင်ရာအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့က မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလှုပ်ရှားမှုတွင် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြို့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမီးသတ်တပ်ဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့များက မြို့အဝင်စစ်ဆေးရေးဂိတ်နှင့် လူစည်ကားသည့် ဈေး၊ ကားဂိတ်နှင့် ချောင်းသာကမ်းခြေတို့ရှိ ခရီးသွား ဧည့်သည်များ၊ ဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုအန္တရာယ်ကို လျှော့ချနိုင်ရန်အတွက် ပလတ်စတစ်အိတ်များ၊ လျှော့ချသုံးစွဲရေး စွန့်ပစ်အမှိုက်များအား စနစ်တကျသိမ်းဆည်းစွန့်ပစ်ရေးတို့ကို အသိပညာပေးပြောကြားပြီး အမှိုက်ကင်းစင်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။

ချောင်းသာမြို့တွင် တစ်ခါသုံးပလတ်စတစ်အိတ်များ လျှော့ချသုံးစွဲစေရေးတို့အတွက် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ပြီး ဈေးရောင်း၊ ဈေးဝယ်များ၊ ပလတ်စတစ် လျှော့ချသုံးစွဲရေးတို့ကို ဈေးများအတွင်း လှည့်လည်အသိပညာပေးခြင်းများနှင့် လိုက်လံစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချောင်းသာ(ပြန်/ဆက်)**

---

# ဖျာပုံမြို့၌ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေး

ဖျာပုံ ဖေဖော်ဝါရီ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးများက ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ချီးမြှင့်ပေးအပ်သော ထောက်ပံ့ငွေများ ပေးအပ်ရာ ဖျာပုံခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်နှင့် မြို့နယ်ပညာရေးမှူး ဦးထွန်းလွင်တို့က တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် ရှင်းလင်းဆွေးနွေးပြောကြားကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်မှ ချီးမြှင့်ပေးအပ်သော ထောက်ပံ့ငွေကျပ် ၉၉၄၀၀၀ အား ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီထံ ပေးအပ်သည်။

အခမ်းအနားသို့ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဖျာပုံခရိုင်နှင့် မြို့နယ်ပညာရေးမှူးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၃၈၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **၂၀၇**

---

# ကျိုက်မရောမြို့နယ် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

ကျိုက်မရော ဖေဖော်ဝါရီ ၂၆

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း နယ်စပ်ဒေသကျေးရွာများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ အံကစင်-မွန်စု-လွှစင်ကုန်း-ကော့ခလိန်ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၃ ဖာလုံ ကတ္တရာခင်းခြင်းနှင့် Box Culvert သုံးစင်းတည်ဆောက်ခြင်း၊ ကြီးအုပ်-ညောင်ကုန်းလမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိခွမ်း-ထိဟူးသံလမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျုံကွယ်ကျေးရွာ အုပ်စု မိခွမ်း(ကျောက်အင်း)-ထိဝါးကလိ ကျေးရွာချင်းဆက်လမ်း ၁ မိုင် ၆ ဖာလုံ ကျောက်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၇၆၂ ဒသမ ၈၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

---

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အနာဂတ်လူငယ်များအတွက် လင်းရောင်ခြည်

------ ခိုင်ဝသန်(စီးပွားရေးပညာ) ------

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အထောက်အကူပြုသည့် အကြီးမားဆုံးသော အထောက်အပံ့မှာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ရန်ပင် ဖြစ်ပါသည်။ သဘာဝသယံဇာတများ မည်မျှပင် ပေါကြွယ်ဝစေကာမူ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကို မဆောင်ရွက်နိုင်လျှင် တိုးတက်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

**လူငယ်များအနေဖြင့် ပညာစွမ်းရည်မြင့်မား တိုးတက်အောင်ဆောင်ရွက်ခြင်း**


လူ့စွမ်းအားအရင်းအမြစ်ဟုဆိုရာတွင် အခြေခံအားဖြင့် အဓိကလုပ်ဆောင်ရမည့်အချက်မှာ ပညာစွမ်းအားပင်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို တည်ဆောက်မည့် ယနေ့ လူငယ်များအနေဖြင့် ပညာစွမ်းရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် ပဓာနအကျဆုံးသောအချက်ပင်ဖြစ်သည်။

အနာဂတ်ကို ဦးဆောင်မည့်လူငယ်များအတွက် ပညာစွမ်းရည်မြင့်မားတိုးတက်အောင် ဆောင်ရွက်ရာတွင် အတန်းပညာများ မြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသာမက အမှား၊ အမှန် စဉ်းစားဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာ အဆင့်အတန်းပါ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအချိန်အခါကဲ့သို့ ရုပ်ဝတ္ထုများနှင့် နည်းပညာများ အဆင့်အတန်းများစွာ တိုးတက်သော ကမ္ဘာကြီးတွင် လူငယ်များသည် ပညာစွမ်းရည် အမှန်တကယ်ပင် တိုးတက်မြင့်မားနေကြသော်လည်း မိမိ၏ကိုယ်ပိုင်စွမ်းအားဖြင့် ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာ စဉ်းစားဆင်ခြင်တုံတရားများ များစွာအားနည်းနေသေးသည်ကို တွေ့မြင်နေရပါသည်။

ဖွံ့ဖြိုးတိုးတက်နေသော နည်းပညာများနှင့်အတူ လူငယ်အများစုသည် စာပေလေ့လာမှု၊ စာဖတ်စွမ်းရည်ကျဆင်းနေသည်ကိုလည်း ယနေ့ လူငယ်အများစု၏ လုပ်ဆောင်ချက်များကိုကြည့်ခြင်းဖြင့် သိမြင်နိုင်ပါသည်။ ထိုသို့ စာဖတ်အားနည်းသော လူငယ်လေးများကို စာဖတ်အားကောင်းသော လူ့စွမ်းအားအရင်းအမြစ် လူငယ်လေးများအဖြစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်သည်။

ပညာရေးနှင့်ပတ်သက်၍ ရှေးပညာရှင်ကြီးများက ပညာရေးသည် လူသားများအတွက် အလွန်အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်ဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ယနေ့ခေတ် ကမ္ဘာ့နိုင်ငံများတွင် ဖွံ့ဖြိုးတိုးတက်မှုအမြင့်ဆုံးသို့ ရောက်နေသော နိုင်ငံအများစုသည် ပညာရေး ဖွံ့ဖြိုးတိုးတက်မှုကြောင့် နည်းပညာတိုးတက်မှု ပြောင်းလဲလာပြီး ဖွံ့ဖြိုးမှုအမြင့်ဆုံးသို့ ရောက်ရှိနေခြင်းဖြစ်သည်။

ထို့အတူ ပညာရေးကဏ္ဍတွင်ဖွံ့ဖြိုးတိုးတက်ပြောင်းလဲမှုမရှိဘဲ အခြားကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဟူသည် ယနေ့ကမ္ဘာ့နိုင်ငံများထဲတွင်မရှိသလို နောင်အနာဂတ်တွင်လည်းရှိလာမည်မဟုတ်ပေ။ ထို့ကြောင့် ပညာရေးသည် လူသားတိုင်းအတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးဖြစ်၍ ထိုရတနာကို အရည်အသွေးမြင့်မားအောင် ပုံဖော်ထုဆစ်ရန်မှာ မျိုးဆက်သစ်တို့၏ တာဝန်တစ်ရပ်ဖြစ်ပေသည်။ ထိုတာဝန်ကို လက်ဆင့်ကမ်းပခုံးပြောင်းထမ်းဆောင်ရာတွင် တိုးတက်လာသောနည်းပညာများကို စနစ်တကျနှင့်အကျိုးရှိစွာအသုံးချတတ်ရန်လည်း လိုအပ်ပေသည်။ **“အသိအလိမ္မာစာမှာရှိ”**ဟူသော စကားနှင့်အညီ အနာဂတ်ကို ဖန်တီးတည်ဆောက်ကြမည့် လူငယ်များအနေဖြင့် အတွေးအခေါ်ကောင်းများနှင့် စိတ်ကူးဉာဏ်ကို ရင့်သန်စေသော စာပေတည်းဟူသော မိတ်ဆွေစစ်ကို ပေါင်းဖက်မိတ်ဖွဲ့ရပေမည်။



ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု လမ်းညွှန်အဖြစ် အကောင်အထည်ဖော်ရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals – SDGs) ၁၇ ရပ်ကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ ၂၀၃၀ ပြည့်နှစ်အထိ အကောင်အထည်ဖော်ရန် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့မှ ၃၀ ရက်နေ့အထိကျင်းပခဲ့သည့် ကမ္ဘာ့ကုလသမဂ္ဂစုံညီအစည်းအဝေးတွင် ချမှတ်ခဲ့သည်။ ထိုပန်းတိုင်များထဲမှ ပန်းတိုင်(၄)အရလည်း လူတိုင်းတွင် အကျုံးဝင်သော ပညာသင်နိုင်ရေးဟူ၍ ပါရှိသည်။

**ဘက်စုံလွှမ်းခြုံသော ပညာရေးစနစ် ပေါ်ပေါက်လာရေး**

အဆိုပါပန်းတိုင်(၄)နှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ မဟာဗျူဟာမြောက် အစီအစဉ်ဖြစ်သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP)တွင် ဘက်စုံလွှမ်းခြုံသော ပညာရေးစနစ် ပေါ်ပေါက်လာရေးသည် ပန်းတိုင်(၄)၏အဓိကလုပ်ငန်းစဉ်ဖြစ်သလို ထိုပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်းသည်လည်း ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များပင်ဖြစ်ပေသည်။

အလားတူစီးပွားရေးအမြင် (Economic Point of View)အရ ကြည့်ပါကလည်း ကုန်စည်များကို ထုတ်လုပ်ရာတွင် သာမန်ကုန်ကြမ်းအဖြစ်မှ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added Product) အဖြစ် ပြောင်းလဲထုတ်လုပ်နိုင်မှသာ ကုန်ထုတ်လုပ်ငန်းအတွက် အကျိုးများစွာရရှိနိုင်သလို နိုင်ငံတော်အတွက်လည်း အထောက်အပံ့ကောင်းများ ဖြစ်လာနိုင်ပါသည်။ ဥပမာအဖြစ် ဖော်ပြရလျှင် ကျွန်းသစ်တုံးကြီးတစ်တုံးကို ဧည့်ခန်းအလယ်ကောင်တွင် ထိုင်ခုံအဖြစ် ချထားခြင်းသည် မည်သို့မျှ မသင့်တော်၊ အမြင်မတင့်တယ်သကဲ့သို့ တန်ဖိုးလည်းမရှိနိုင်ပါ။

သို့သော်လည်း ထိုကျွန်းသစ် အကြမ်းတုံးကြီးကို အဆင့်ဆင့်ပြုပြင်ပြောင်းလဲ၍ ဧည့်ခန်းနှင့် သင့်တင့်လိုက်ဖက်သော ဆက်တီခုံကြီးများ၊ ပရိဘောဂအသုံးအဆောင်ပစ္စည်းများကဲ့သို့ တန်ဖိုးမြှင့်ထုတ်ကုန် (Value Added Product) အဖြစ် ပြုပြင်ပြောင်းလဲလိုက်သောအခါ အရည်အသွေးပြည့်ဝပြီး အလွန်တန်ဖိုးကြီးမားသော ထုတ်ကုန်များအဖြစ် ပြောင်းလဲသွားသကဲ့သို့ လူငယ်လေးများကိုလည်း တန်ဖိုးမြင့်လူသားများအဖြစ် ပြောင်းလဲမြှင့်တင်ပေးနိုင်မှသာလျှင် အနာဂတ်တွင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး မိမိတိုင်းပြည်အတွက်လည်း အကျိုးများစွာ ရရှိနိုင်မည်ဖြစ်သည်။

**“ပညာတတ်လူငယ်လေးများဖြစ်အောင် ဖန်တီးလုပ်ဆောင်ရာတွင် ဝေးလံခေါင်းပါးသော အရပ်ဒေသရှိ လူငယ်လေးများကို ခေတ်ပညာရှာမှီးနိုင်ရေးအတွက် ဒေသအသီးသီး၌ ပညာသင်ယူနိုင်သော အထောက်အပံ့ကောင်းများစွာကို နိုင်ငံတော်အနေဖြင့် ဖန်တီးဖော်ဆောင်ပေးရန် အထူးလိုအပ်လှပေသည်။ ထိုသို့ ပညာရေးဆိုင်ရာ အထောက်အပံ့များဖြစ်သော ဆရာ ဆရာမအင်အား၊ ပညာသင်ကြားရေးဆိုင်ရာ အဆောက်အအုံများသာမက အသိပညာဗဟုသုတများစွာကို ပေးစွမ်းနိုင်သော တန်ဖိုးအရှိဆုံးနေရာအဖြစ် သတ်မှတ်ထားသည့် စာကြည့်တိုက်များလည်း လိုအပ်”**

**တန်ဖိုးအရှိဆုံးနေရာအဖြစ် သတ်မှတ်ထားသည့် စာကြည့်တိုက်များ**

ထိုသို့ ပညာတတ်လူငယ်လေးများဖြစ်အောင် ဖန်တီးလုပ်ဆောင်ရာတွင် ဝေးလံခေါင်းပါးသော အရပ်ဒေသရှိ လူငယ်လေးများကို ခေတ်ပညာရှာမှီးနိုင်ရေးအတွက် ဒေသအသီးသီး၌ ပညာသင်ယူနိုင်သော အထောက်အပံ့ကောင်းများစွာကို နိုင်ငံတော်အနေဖြင့် ဖန်တီးဖော်ဆောင်ပေးရန် အထူးလိုအပ်လှပေသည်။ ထိုသို့ပညာရေးဆိုင်ရာ အထောက်အပံ့များဖြစ်သော ဆရာ ဆရာမ အင်အား၊ ပညာသင်ကြားရေးဆိုင်ရာ အဆောက်အအုံများသာမက အသိပညာ ဗဟုသုတများစွာကို ပေးစွမ်းနိုင်သော တန်ဖိုးအရှိဆုံးနေရာအဖြစ် သတ်မှတ်ထားသည့် စာကြည့်တိုက်များလည်း လိုအပ်ပါသည်။

ရပ်ကွက်တစ်ခု၊ ကျေးရွာတစ်ခု တည်ဆောက်လျှင် မဖြစ်မနေပါရမည့်အရာမှာ စာကြည့်တိုက်ဖြစ်သည်ဟု အသိပညာရှင်များကလည်း သတ်မှတ်ဖော်ပြထားသည်။ ထို့ကြောင့် ပြည်သူများ စာဖတ်များလျှင် နိုင်ငံတိုးတက်မည်မှာ အမှန်ပင်ဖြစ်သလို မိမိတို့နိုင်ငံတွင်လည်း ဝေးလံခေါင်းပါးသော နယ်စပ်ဒေသအသီးသီးတိုင်အောင် စာကြည့်တိုက်များ ဖြစ်ဖြစ်မြောက်မြောက်နှင့် အများအပြားပေါ်ပေါက်လာအောင် နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်ပေးရန် လိုအပ်ပေသည်။

စာဖတ်ခြင်းဖြင့် စိတ်လေလွင့်မှုမရှိခြင်း၊ မကောင်းသောအတွေးအခေါ်များ မတွေးတောခြင်း၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်း စသည့် လက်ငင်းအကျိုးကျေးဇူးများကို ခံစားရမည်ဖြစ်သလို နောင်အနာဂတ်တွင်လည်း ဉာဏ်ရည်မြင့်မားသော လူသားအရင်းအမြစ် များစွာပေါ်ပေါက်လာပြီး မိမိနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယနေ့မိမိတို့နိုင်ငံတော်တွင်လည်း နည်းပညာ၏ အကျိုးကျေးဇူးကြောင့် ဒေသအတော်များများတွင် Online စာကြည့်တိုက်များ ပေါ်ထွန်းနေပြီဖြစ်သဖြင့် လူငယ်များအနေဖြင့် စာပေလေ့လာ၊ ပညာရှာမှီးရာတွင် အခက်အခဲမရှိဘဲ လေ့လာသင်ယူနိုင်ပြီဖြစ်သည်။ သို့သော်လည်း တိုးတက်ပြောင်းလဲလာသော နည်းပညာရေစီးကြောင်းထဲတွင် လူငယ်များအနေဖြင့် လွဲမှားသော သင်ယူမှုများဖြင့် နစ်မျောမနေဘဲ မိမိတို့အတွက်အကျိုးရှိပြီး ဘဝမြှင့်တင်ပေးနိုင်သော အသိပညာဗဟုသုတများကို ရှာဖွေစုဆောင်းကာ မိမိတို့ဘဝတိုးတက်ရေးအတွက် အကျိုးရှိစွာအသုံးချရန် လိုအပ်လှပေသည်။

**တာဝန်ပေးသူနှင့် တာဝန်ပေးခံရသူများ**

နိုင်ငံတော်အနေဖြင့်လည်း တန်ဖိုးရှိသော လူသားအရင်းအမြစ်များကို မွေးထုတ်ပေးပြီး လုပ်ငန်းတာဝန်များကို ခွဲဝေနေရာချထားရာတွင်လည်း လူမှန်၊ နေရာမှန်၊ မှန်ကန်သောအလုပ် (Right Person, Right Place, Right job)ဖြစ်ရန်လည်း အလွန်အရေးကြီးလှပေသည်။ မှားယွင်းစွာ တာဝန်ပေးအပ်ပါက မိမိကျွမ်းကျင်သော အတတ်ပညာဖြင့် နိုင်ငံတော်အကျိုး၊ ဌာနအကျိုးအတွက် ဆောင်ရွက်ရန် မည်သို့မျှမဖြစ်နိုင်သဖြင့် နိုင်ငံတော်အတွက်လည်း အကျိုးမရှိသလို တာဝန်ပေးခံရသူအနေဖြင့်လည်း မိမိမကျွမ်းကျင်သော လုပ်ငန်းခွင်တွင် စွမ်းဆောင်ရည်မြင့်မားစွာ လုပ်ဆောင်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တာဝန်ပေးသူနှင့် တာဝန်ပေးခံရသူများအနေဖြင့် လူမှန်၊ နေရာမှန်ဖြစ်ရေးသည်လည်း လူ့စွမ်းအားမြှင့်တင်ရေးအတွက် အရေးကြီးသောအချက်ပင် ဖြစ်သည်။

စာမျက်နှာ ၁၉ သို့ ❂

# ဈေးကွက်ဝယ်လိုအားကောင်းနေသော ကင်းမွန်နှင့် ရေခူဖမ်းဆီးရရှိမှုမှ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်၊ ဘုတ်ပြင်းနှင့် ထားဝယ်မြို့တို့ရှိ ကမ်းနီး၊ ကမ်းဝေးပင်လယ်ပြင်တို့တွင် ထိုင်းနိုင်ငံမှ ဈေးကွက်ဝယ်လိုအားကောင်းနေသော ကင်းမွန်နှင့် ရေခူကို ဒေသခံရေလုပ်သားများ ကောင်းမွန်စွာ ဖမ်းဆီးရမိလျက်ရှိရာ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပင်လယ်ပြင်တွင် တစ်နေရာနှင့်တစ်နေရာ ကင်းမွန်အုပ်ဖွဲ့နေထိုင်မှုမတူညီမှုကြောင့် ဖမ်းဆီးရရှိမှုတူညီခြင်းမရှိသော်လည်း ဈေးကောင်းရချိန်ဖြစ်သောကြောင့် ညပိုင်း၌ လျှပ်စစ်မီးရောင်ပြ၍ ကင်းမွန်များကို ဖမ်းဆီးလျက်ရှိပြီး ဘုတ်ပြင်းမြို့နယ် ကမ်းနီးပင်လယ်ပြင်တွင်လည်း ယမန်နှစ်ကထက် ရေခူဖမ်းဆီးရမိမှုကောင်းလာသည့်အတွက် ရေခူဖမ်းဆီးသောရေလုပ်သားများ အလုပ်အကိုင် ကောင်းမွန်လျက်ရှိသည်။ ကင်းမွန်ဖမ်းဆီးရမိသည့်ရာသီသည် နိုဝင်ဘာလမှစတင်၍ မုတ်သုံလေဝင်ရောက်သော ဇွန်လမိုးဦးတွင် ဆုတ်သွားလေ့ရှိပြီး ရေခူဖမ်းဆီးရမိသည့်ရာသီသည် ဇန်နဝါရီလမှစတင်၍ ဧပြီလတွင် ကုန်ဆုံးလေ့ရှိကာ ရေခူထက်ကင်းမွန်သည် ဈေးကောင်းရရှိနေဆဲဖြစ်သည်။

"မြန်မာ့ပင်လယ်ပြင်က ဖမ်းဆီးရမိတဲ့ ကင်းမွန်နဲ့ ရေခူကို ထိုင်းနိုင်ငံ ရနောင်း ရေထွက်ကုန်ဒိုင်ကို တင်ပို့ကြပါတယ်။ လတ်လတ်ဆတ်ဆတ်ကို ရေခဲရိုက်တင်ပို့သလို အခြောက်တင်ပို့တာလည်း ရှိတယ်။ ကင်းမွန်နဲ့ရေခူဟာ ဒေသခံရေလုပ်သားတွေရဲ့ စီးပွားရေးကိုဖော်ဆောင်ပေးနေတယ်ဆိုရင် မမှားပါဘူး။ ကင်းမွန်ဖမ်းတဲ့အခါမှာ မီးရောင်ကို အသုံးပြုကြတာဖြစ်တဲ့အတွက် နိုင်ငံအနေနဲ့ မီးရောင်နဲ့ဖမ်းဆီးမှုကို လျှော့ချနေပြီး ကာလတစ်ခုမှာ ဒါတွေမရှိအောင်ဆောင်ရွက်မယ်ဆိုတဲ့ရည်မှန်းချက်လည်းရှိပါတယ်။ အဲဒီကာလအတွင်းမှာ ယခင်က လိုင်စင်နဲ့ခွင့်ပြုထားတဲ့ကင်းမွန်ငါးဖမ်းလှေ ၄၀၀ နီးပါးကိုပဲ ခွင့်ပြုထားတာပါ။ မီးရောင်ပြပြီးဖမ်းတဲ့အခါမှာ အခြားသောငါးတွေလည်း ရောက်လာတတ်တာကြောင့် များများရရင် များများပြန်းတီးနိုင်တဲ့အတွက် ငါးသယံဇာတ လျော့နည်းမှုမရှိအောင် ထိန်းချုပ်ဆောင်ရွက်နေပါတယ်။ အခုလိုကင်းမွန်နဲ့ ရေခူရရှိမှုကနေ ပို့ကုန်စီးဆင်းနေတဲ့အတွက် ရေလုပ်သားတွေ စီးပွားရေးအခွင့်အလမ်းပွင့်လန်းလာတာဟာ နိုင်ငံတော်အတွက်လည်း အကျိုးရှိစေပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ညီတိုးက ပြောသည်။

ကင်းမွန်နှင့် ရေခူကို တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကမ်းနီးပင်လယ်ပြင်တို့မှ ဖမ်းဆီးရမိလျက်ရှိပြီး မြန်မာ့ကင်းမွန်နှင့် ရေခူသည် အရသာကောင်းမွန်သောကြောင့် ထိုင်းနိုင်ငံမှ အများဆုံးဝယ်ယူလျက်ရှိသည်။ ဈေးကောင်းရရှိသော မြန်မာ့ကင်းမွန်ကို ထိုင်းနိုင်ငံ ရနောင်းရေထွက်ကုန်ဒိုင်မှ အရွယ်အစားအပေါ်မူတည်၍ တစ်ကီလိုဂရမ်လျှင် ဘတ် ၁၄၀ မှ ၁၇၅ ဘတ်အထိ၊ မြန်မာငွေကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ အထိ ဈေးရရှိလျက်ရှိသည်။ သဘာဝအတိုင်းသန့်စင်၍အခြောက်ပြုလုပ်ထားသော ကင်းမွန်ခြောက်တစ်ကီလိုဂရမ်လျှင် မြန်မာငွေကျပ် ၅၃၀၀၀ ခန့်အထိ ဈေးကောင်းရရှိလျက်ရှိကာ ယမန်နှစ်ထက် တစ်ကီလိုလျှင် ဘတ် ၃၀ ကျော် ဈေးပိုရရှိလျက်ရှိကြောင်း သိရသည်။

ရေခူထွက်ရှိသောကာလ၌ ဘုတ်ပြင်းမြို့နယ် ကမ်းနီးပင်လယ်ပြင်တွင် အများဆုံးဖမ်းဆီးရမိလျက်ရှိပြီး ရေခူ ဆားနယ်တစ်ကီလိုဂရမ်လျှင် ဘတ် ၉၀၊ မြန်မာငွေကျပ် ၇၅၀၀ ကျော်ရရှိလျက် ရေခူအစိုနှင့် အခြောက်



ကို ထိုင်းနိုင်ငံသို့ တင်ပို့လျက်ရှိသည်။

မြန်မာ့ပင်လယ်ပြင်မှရရှိသော ကင်းမွန်နှင့်ရေခူကို ပြည်တွင်း၌ ဟိုတယ်၊ စားသောက်ဆိုင်၊ ရန်ကုန်မြို့ရှိ ရွှေပိတောက်ငါးဈေးနှင့် စံပြငါးဈေးသို့တင်ပို့ပြီး ပြည်ပဈေးကွက်တွင် ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိကာ ထိုင်းနိုင်ငံမှ စည်သွတ်ဘူးပြုလုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**

## "ဝ" တောင်တန်းမျိုးစေ့ထုတ်သမဝါယမအသင်း အာလူးနှင့် တိုင်ထောင်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့နယ် မော်ဟွေ့ကျေးရွာရှိ "ဝ" တောင်တန်းမျိုးစေ့ထုတ်သမဝါယမအသင်း၏ အသင်းသားပိုင်မြေဧက ၆၉ ဧကပေါ်တွင် အာလူးနှင့် တိုင်ထောင်ပဲ သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ "ဝ" တောင်တန်းမျိုးစေ့ထုတ် သမဝါယမအသင်း အနေဖြင့် အာလူးတစ်ဧကလျှင် ပိဿာချိန် ၄၁၀၀ ခန့်ရရှိပြီး ဒေသတွင်းသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ တိုင်ထောင်ပဲသီး တစ်ဧကလျှင် ပိဿာချိန် ၄၀၀၀ ကျော် ထွက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၁၈ မှ

ဥပမာတင်ပြရလျှင် စီးပွားရေးပညာသဘောတရားနှင့်သက်ဆိုင်သော ဟိုတယ်လုပ်ငန်းတစ်ခုတွင် တာဝန်အသီးသီးထမ်းဆောင်နေကြသည့် စာရင်းနှင့်ပတ်သက်လျှင် အလွန်တိကျပြီး စေ့စပ်သေချာကျွမ်းကျင်သည့် စာရင်းကိုင်(Accountant) တစ်ယောက်နှင့် ရုပ်ရည်ချောမောပြေပြစ်ပြီး အလွန်စကားပြောကျွမ်းကျင်သော ဧည့်ကြိုဝန်ထမ်း (Receptionist) တစ်ယောက်တို့သည် သက်ဆိုင်ရာလုပ်ငန်းအသီးသီးတွင် မိမိတို့တတ်ကျွမ်းသော ပညာရပ်များဖြင့် ဟိုတယ်လုပ်ငန်းကို တိုးတက်အောင် ဆောင်ရွက်နိုင်ကြသော်လည်း ၎င်းတို့နှစ်ဦး၏လုပ်ငန်းများကို တစ်ယောက်နှင့်တစ်ယောက် လွှဲပြောင်းတာဝန်ပေးလိုက်သောအခါတွင် ဧည့်ကြိုဝန်ထမ်းတစ်ယောက်သည် စာရင်းကိုင်တစ်ယောက်၏လုပ်ငန်းကို မည်သို့မျှ ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်မည်မဟုတ်သလို စာရင်းကိုင်တစ်ယောက်သည်လည်း မိမိမကျွမ်းကျင်သော ဧည့်ကြိုလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်မည်မဟုတ်ဘဲ ထိုသို့လွဲမှားစွာနေရာချထားခြင်း၏ အကျိုးဆက်ကြောင့် ထိုလုပ်ငန်းသည် ပျက်စီးဆုံးရှုံးမှုများနှင့်သာ ကြုံတွေ့ရမည်ဖြစ်သည်။

ထိုအခြင်းအရာကို ကြည့်ခြင်းအားဖြင့် လူတစ်ယောက်သည် မိမိတွင်ရှိသော အရည်အချင်းနှင့်ကိုက်ညီသော နေရာ၌သာ မိမိ၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်သလို လုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။

မျက်မှောက်ခေတ်တွင် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးအခြေအနေများကြောင့် လူ့စွမ်းအားအရင်းအမြစ်၏ အခြေခံအကျဆုံးဖြစ်သော အနာဂတ်လူငယ်လေးများသည် အသိပညာဗဟုသုတမကြွယ်ဝခြင်း၊ မိမိတို့နေထိုင်ရာ အရပ်ဒေသပတ်ဝန်းကျင်ရှိ မိသားစုအသိုင်းအဝိုင်းများ၏ အသိပညာ မပြည့်စုံခြင်းတို့ကြောင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘဲ လမ်းစပျောက်နေပြီး စိတ်ဓာတ်စွမ်းအား ကျဆင်းနေမှုများကို အများအပြားခံစားနေကြရသည်။ ထိုလူငယ်များ၏ စိတ်ဓာတ်စွမ်းအားများ ပြန်လည်ရှင်သန်လာအောင် လုပ်ဆောင်ရမည်မှာ အဓိကကျသော တာဝန်တစ်ရပ်ပင်ဟုဆိုရပေမည်။

### ဝန်ကြီးဌာန၏ မူဝါဒလေးရပ်

ပညာစွမ်းရည်မြင့်မားခြင်းသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအချက်ဖြစ်သောကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ မူဝါဒလေးရပ်ဖြစ်သော နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသတွင်နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးဟူသော မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း၌ အခြေခံပညာရပ်များကို အခမဲ့သင်ကြားပေးလျက်ရှိပြီး အခြေခံပညာအထက်တန်းအောင်မြင်ပြီးသည့် တိုင်းရင်းသားလူငယ်များအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်နှင့် စစ်ကိုင်း)တို့တွင် အဆင့်မြင့်ပညာရပ်များကို အခမဲ့ဆက်လက်သင်ကြားပေးလျက်ရှိပါသည်။ အခြေခံပညာအထက်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများကိုလည်း တက်ရောက်လိုသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်များသို့ အဆင်ပြေစွာ တက်ရောက်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း ကိုးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၆ ကျောင်းတို့ကို ဖွင့်လှစ်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ တတ်မြောက်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားရန်နှင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

### KG+12 ပညာရေးစနစ်သစ်

ပညာရေးကဏ္ဍတွင် ခေတ်စနစ်နှင့်လျော်ညီစွာ တိုးတက်ရေးအတွက် ပညာရေးအဆင့်မြှင့်တင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍတွင် သင်ရိုးညွှန်းတမ်းအသစ်များ အစားထိုးခြင်းနှင့် စနစ်သစ်ပြောင်းလဲခြင်းကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး KG+12 ပညာရေးစနစ်သစ်ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးမဟာဗျူဟာ စီမံကိန်းလမ်းညွှန်ချက်အတိုင်း ဆောင်ရွက်လျက်ရှိသည်။

ထိုနည်းတူစွာပင် မြန်မာနိုင်ငံစာတတ်မြောက်ရေး လှုပ်ရှားမှုများအား အထောက်အကူဖြစ်စေရန် "ပညာရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ရစ်ခဲ့ခြင်းမရှိစေရ" ဟူသောရည်ရွယ်ချက်ဖြင့် ကျောင်းပြင်ပရောက် ကလေးသူငယ်လေးများနှင့် လူငယ်များအတွက် ကျောင်းပြင်ပပညာရေးအစီအစဉ်များကိုလည်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။ ကျောင်းပြင်ပပညာရေးတွင် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်မပြတ် ပညာရေးဟူ၍ အချက်နှစ်ချက်ပါဝင်သည်။ ထို ကျောင်းပြင်ပပညာရေးအစီအစဉ်များတွင် ပါဝင်သင်ယူသော လူငယ်ကလေးများသည် မိမိတို့တတ်မြောက်လာမည့် အသိပညာများ၊ ကျွမ်းကျင်မှုအတတ်ပညာများကို လက်တွေ့နယ်ပယ်တွင် ပြန်လည်အသုံးချနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ မကြာမီကာလတွင် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များအတွက် ခေတ်မီတိုးတက်လာသော အဆင့်မြင့်ပညာရေးနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်တို့ကို အခြေခံပြီး လူ့အဖွဲ့အစည်းအတွင်းတွင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ခံစားမှုဆိုင်ရာ နှစ်မျိုးစလုံးကို ဟန်ချက်ညီ မြှင့်တင်ပေးနိုင်သည့် ပိုမိုကောင်းမွန်သော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို လုပ်ဆောင်လာနိုင်တော့မည်ဖြစ်ပေသည်။

နိုင်ငံတော်ကိုဦးဆောင်ရမည့် လူငယ်ကလေးများကို နည်းမှန်၊ လမ်းမှန်၊ အသိပညာမှန်ရအောင် ဆောင်ရွက်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ မိမိနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော အခက်အခဲအကျပ်အတည်းများသည်လည်း တစ်ခဏမျှသာဖြစ်ပြီး မကြာမီကာလတွင် အနာဂတ်ပန်းကလေးများအတွက် မျှော်လင့်ချက်ရောင်ခြည်များသည် အရှေ့ဘက်မှ ထွက်ပေါ်လာသော နေမင်းကြီးပမာ အမှောင်ထုကို ဖြိုခွင်းပေါ်ထွက်လာပြီး အခက်အခဲ၊ အကျပ်အတည်းများသည်လည်း နေမင်းကြီး၏ အလင်းရောင်အောက်တွင် နှင်းစက်များပမာ ပျောက်ကွယ်သွားမည်ဟု အခိုင်အမာယုံကြည်ပါကြောင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက လက်တွဲညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါကြောင်း တင်ပြတိုက်တွန်းအပ်ပါသည်။ ။

## ပုံပြင်

# ရဲသုံးဖော်

မင်းယုဝေ

**(ယခင်အပတ်မှအဆက်)**

ထိုအခါ နန်းတော်တစ်ခုလုံး အုတ်အုတ်ကျက်ကျက်ဖြစ်ကာ အစောင့်များသည် စစ်သားကို ဝိုင်းဝန်းဖမ်းဆီးကြ၏။ စစ်သားသည် ထိတ်လန့်သဖြင့် သူ၏လိုတရဝတ်ရုံကိုပင် သတိမရနိုင်၊ ခြေဦးတည့်ရာ ပြတင်းတစ်ခုမှ ခုန်ဆင်းထွက်ပြေး၏။ ဤတွင် သူ၏ဝတ်ရုံသည် ပြတင်းသံချိတ်တစ်ခုတွင် ငြိကာ ကျန်နေခဲ့လေ၏။ သူလည်း အလွန်စိတ်ပျက်အားလျော့သောအမူအရာဖြင့် ရဲဘော်များထံ ပြန်လာရလေသည်။

ရဲဘော်များကမူ သူ့အားစိတ်မပျက်ရန် အားပေးကြသည်။ ထို့နောက် ကျွဲချိုပိုင်ရှင်စစ်သားသည် သူ၏ကျွဲချိုကိုထုတ်၍ မှုတ်လေ၏။ ခဏအတွင်းမှာပင် မရေမတွက်နိုင်အောင် များပြားလှသော ခြေသည်တော်၊ မြင်းသည်တော်၊ စစ်သားများ ရောက်ရှိလာကြလေသည်။ သူတို့သည် ထိုစစ်သားများ၏အကူအညီဖြင့် ဘုရင်ကြီးကို တိုက်ခိုက်ရန် စစ်ကြေညာလေသည်။ သူတို့သည် ဘုရင်ကြီး၏နန်းတော်ကို ဝိုင်းရံထားပြီးနောက် ငွေအိတ်နှင့် ဝတ်ရုံကို ပြန်ပေးရန် တောင်းဆိုသည်။ အကယ်၍ ယင်းတို့ကို ပြန်မပေးပါက တစ်တိုင်းပြည်လုံး မှုန့်မှုန့်ညက်ညက်ကြေအောင် ချေမှုန်းပစ်မည်ဟုလည်း သူတို့က ခြိမ်းခြောက်လေသည်။

ဤတွင် ဘုရင်ကြီးသည် သမီးတော်ထံသွားကာ အကြံဉာဏ်တောင်း၏။ ထိုအခါ သမီးတော်က “သူကြံပါမည်” ဟု ဘုရင်ကြီးအား နှစ်သိမ့်စကားဆိုလိုက်လေသည်။ ထို့နောက် သူသည် သူဆင်းရဲမယ်အသွင် ရုပ်ဖျောက်ဝတ်ဆင်လျက် ရံရွေတော်တစ်ယောက်နှင့်အတူ တစ်ဖက်စစ်တပ်ရှိရာသို့ ညအချိန်၌သွားလေသည်။ သူ့တွင် ပုတီးလက်ကောက်များ အပြည့်ပါသော ခြင်းတောင်းတစ်လုံးလည်း ပါသည်။ သူတို့သည် စစ်သားများထံ အဆိုပါပုတီးလက်ကောက်များ ရောင်းချမည့်ဟန်ဖြင့် ချဉ်းကပ်သွားကြလေသည်။

နံနက်လင်းသောအခါ မင်းသမီးသည် အလွန်သာယာနာပျော်ဖွယ်ကောင်းသော တေးသီချင်းများကို သီဆိုလေသည်။ သူ၏တေးများမှာ သာယာသည်သာမက ပုံပြင်သဖွယ်ဇာတ်လမ်းလည်းပါရှိသည်။ ထို့ကြောင့် စစ်သားများ စတည်းချရာ တဲတိုင်းတွင် စစ်သားဟူ၍ တစ်ယောက်မျှမရှိ။ သူ့အနီးတွင်သာ ဝိုင်းရံနေကြလေသည်။ ထိုဝိုင်းရံနေသူများထဲတွင် ကျွဲချိုပိုင်ရှင်စစ်သားလည်းပါရှိသည်။ မင်းသမီးသည် ထိုသူကိုမြင်သောအခါ သူ၏ရံရွေတော်ကို မျက်ရိပ်ပြလိုက်၏။ ရံရွေတော်လည်း ထိုသူ၏တဲတွင်းသို့ တိတ်တဆိတ်ဝင်သွားကာ ကျွဲချိုကို ခိုးယူခဲ့၏။ မကြာမီ သူတို့သည် နန်းတော်သို့ ချောမောစွာ ပြန်ရောက်လာကြသည်။ ဤသို့ဖြင့် ရဲဘော်သုံးဦး၏ ထူးဆန်း၍ အဖိုးတန်သောပစ္စည်းအားလုံးသည် မင်းသမီး၏လက်တွင်းသို့ သက်ဆင်းရောက်ရှိကြရလေ၏။ ရဲဘော်သုံးဦးကား အကျီနီဝတ်လူကလေးနှင့် တွေ့စဉ်အခါကကဲ့သို့ပင် ဆင်းရဲမွဲဆင်းရဲကြရပြန်လေတော့သည်။

ထိုအခါ သူတို့သည် မိမိဘာသာမိမိ အသက်မွေးဝမ်းကျောင်းရှာဖွေရန် လမ်းခွဲကြလေသည်။ ရွှေထွက်သောအိတ်ကို ပိုင်ဆိုင်ခဲ့ဖူးသည့် ဒုတိယစစ်သားသည် လက်ယာဘက်ခရီးလမ်းကြောင်းအတိုင်း သွားသည်။ ကျန်နှစ်ယောက်ကား လက်ဝဲလမ်းကြောင်းအတိုင်း အတူတကွသွားကြသည်။ သို့သွားကြရာ ဒုတိယစစ်သားသည် မကြာမီတောအုပ်တစ်ခုသို့ရောက်သွားသည်။ ထိုတောအုပ်ကား အခြားမဟုတ်၊ အကျီနီဝတ်လူကလေးနှင့်တွေ့ဆုံခဲ့သည့် တောအုပ်ပင်ဖြစ်သည်။ သူသည် မောပန်းသဖြင့် သစ်ပင်ကြီးတစ်ပင်အောက်တွင် နားခိုရင်း အိပ်ပျော်သွားလေ၏။

နံနက်လင်းသော် စစ်သားသည် နိုးလာလေသည်။ သူသည် မျက်စိဖွင့်ကြည့်လိုက်သောအခါ သူနားခိုရာ သစ်ပင်ကြီးမှာ အလွန်လှပသောပန်းသီးများ ပြွတ်သိပ်သီးနေသည့် ပန်းသီးပင်ကြီးဖြစ်ကြောင်း တွေ့ရ၏။ သူသည် ဝမ်းသာအားရပင် ပန်းသီးများကို ခူးစားလေ၏။ သူသည် ဆာလောင်နေခိုက်ဖြစ်သောကြောင့် ပန်းသီးသုံးလုံးမျှ ဆက်တိုက်စားလိုက်လေသည်။ ထိုအခါ၌ သူသည် များစွာထိတ်လန့်အံ့သြခြင်းဖြစ်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် သူ၏နှာခေါင်းသည် တဖြည်းဖြည်းရှည်ထွက်လာသည်ကို တွေ့ရသောကြောင့်ဖြစ်လေသည်။ သူ့နှာခေါင်းသည် မြေကြီးသို့ထိသည့်တိုင် တဖြည်းဖြည်းရှည်လာသည်။ စစ်သားလည်း မည်သို့ပြုရမည်မသိရှိရှာနေသည်။ နောက်ဆုံးတွင်ကား သူသည် နှာခေါင်း၏ အလေးဒဏ်ကို မခံနိုင်သဖြင့် မြေပေါ်၌လဲလျက်ရှိတော့၏။ သို့ရာတွင် နှာခေါင်းကား အရှည်မရပ်သေးချေ။ ရှည်မြဲရှည်ထွက်နေရာ ကြာသော် တောအုပ်ကိုပင် ဖြတ်ထွက်သွားတော့မည်ကဲ့သို့ ရှိလေ၏။

ထိုအချိန်တွင် သူ၏ရဲဘော်နှစ်ယောက်သည် ထိုတောအုပ်အတွင်းသို့ ရောက်ရှိလာကြသည်။ တစ်ယောက်သောရဲဘော်သည် မြေပေါ်တွင် ရောက်ရှိနေသောနှာခေါင်းကို ခလုတ်တိုက်မိလေ၏။ ငုံ့ကြည့်သောအခါ နှာခေါင်းကိုတွေ့ရ၏။ သူတို့သည် မယုံကြည်နိုင်သကဲ့သို့ဖြစ်ကာ ထိုနှာခေါင်းစတင်ရာအရပ်သို့ ရှာဖွေလိုက်ကြလေ၏။ ဤတွင် သူတို့၏ရဲဘော်အား သနားစဖွယ် မြေပေါ်၌လဲနေသည်ကို တွေ့ကြရလေ၏။

သူတို့သည် အနီးတွင် ဖြတ်သွားသော မြည်းတစ်ကောင်ကိုဖမ်း၍ လဲနေသောစစ်သားအား မြည်းပေါ်တွင် တင်ကြသည်။ ထို့နောက် အိမ်သို့ ယူဆောင်မည်ပြုသည်။ သို့ရာတွင် မြည်းသည် အလွန်လေးလံသောဝန်ကို ကြာရှည်မသယ်နိုင်ချေ။ ထို့ကြောင့် သူတို့သည် စိတ်ပျက်စွာဖြင့် သစ်ပင်အောက်တွင် ငေးမှိုင်နေကြလေ၏။ ထိုအခိုက် အကျီနီဝတ်လူကလေးသည် ရုတ်တရက်ရောက်လာလေ၏။ သူသည် စစ်သား၏အဖြစ်ကို ကြည့်ကာ အားရပါးရရယ်လေသည်။ ထို့နောက် ထိုအဖြစ်ဆိုးမှ လွတ်မြောက်အောင် ကုသပေးမည်ဟုဆိုသည်။ ချက်ချင်းပင် သူသည် အနီးတွင်ပေါက်နေသော သစ်တော်ပင်မှ သစ်တော်သီးတစ်လုံးကို ခူးကာ စစ်သားအားစားစေ၏။ စစ်သားသည် သစ်တော်သီးစားပြီးသည်နှင့်တစ်ပြိုင်နက် နှာခေါင်းသည် မူလအတိုင်းပြန်ဖြစ်သွားလေသည်။ စစ်သားကား ဝမ်းမြောက်မဆုံးပြီ။ **(ဆက်လက်ဖော်ပြပါမည်)**

ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**(ယခင်အပတ်မှအဆက်)**





ကဗျာ

# ကြိုပဲ့မယ်

✲ စန္ဒာရောင်ရှိန် ထိန်ထိန်လင်းတော့
အိမ်ပြတင်းက ပျိုမျှော်တာ။
ချစ်ဆုံးသက်လျာ လာမယ်လားလို့
ပျိုစောင့်စားလို့ မှန်းဆကာ။

✲ တမ်းတပါသော် ပေါ်လာခဲ့မို့
ရွှေရင်ထဲမှာ ဖိုမိရှာ။
ပျိုလေးကြင်သူ ပလွေကျူညှင်းလို့
ဖိုးလမင်းကို အဖော်ခေါ်ကာ။
လှမ်းပါ၊ မြန်းပါ။

✲ တာတာတီတီ ပြီပြီသဲ့သဲ့
တီတီတွဲ့နဲ့ လေထဲမှာ။
ပျံ့ဝဲလို့သာ ပျို့ရင်တွင်းကို
ကျူသီချင်းလေး ဝင်လို့လာ။

✲ ခင်ပျို့ကြင်သူ လူညိုထွေးတော့
ဟိုအဝေးက လာနေရှာ။
ပျိုထွေးခင်မှာ အချစ်လေးကို
လရောင်အေးက ပြေးကြိုမှာ
ဝမ်းသာ၊ ဝမ်းသာ။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



လူမှု ၁၁၀

## လူငယ်များသိသင့်သော ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

### ဆရာစံ

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

ဗြိတိသျှကိုလိုနီခေတ် ၁၉၃၀ ပြည့်နှစ်တွင် သာယာဝတီခရိုင်မှစတင်၍ တောင်သူလယ်သမားများသည် ဗြိတိသျှအစိုးရအား လက်နက်စွဲကိုင်ကာ တော်လှန်ခဲ့ကြသည်။ ထိုလယ်သမားအရေးတော်ပုံကြီးအား ဦးဆောင်ခဲ့သူမှာ တောင်သူလယ်သမားခေါင်းဆောင် "ဆရာစံ"ဖြစ်ပေသည်။

ဆရာစံကို အဘ လယ်သမားကြီး ဦးကျေး၊ အမိဒေါ်ဖက်တို့က ၁၂၃၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် အင်္ဂါနေ့တွင် ဒီပဲယင်းမြို့နယ် သရက်ကန်အရှေ့ရွာ၌ မွေးဖွားခဲ့သည်။ ငယ်မည်မှာ မောင်စံရှားဖြစ်သည်။ မွေးချင်းငါးဦးအနက် အငယ်ဆုံးဖြစ်သည်။ ငယ်စဉ်က သရက်ကန်အရှေ့ရွာနှင့် အနောက်ရွာကြားတွင်ရှိသော ဦးသူရိယအုတ်ကျောင်း၌ ပညာသင်ခဲ့သည်။

ဆရာစံသည် အသက် (၂၀) ကျော်တွင် အောက်ပြည်အောက်ရွာသို့ ပြောင်းရွှေ့ခဲ့ပြီး မော်လမြိုင်ခရိုင် ဘီလူးကျွန်းမြို့နယ် ကမာမိုရွာ၌ မြန်မာဆေးဆရာအဖြစ် အသက်မွေးခဲ့သည်။ ဆေးဆရာဘဝတွင် "လက္ခဏာဇုကျမ်း" နှင့် "ဝိဇ္ဇာသိပ္ပံအင်္ဂုတ္တရကျမ်း"တို့ကို ပြုစုခဲ့သည်။ ထို့ပြင် ဘီလူးကျွန်း ကညော်တလိုင်းဆရာတော်ထံမှလည်း ဗေဒင်ပညာကို သင်ကြားတတ်မြောက်ခဲ့သည်။ ၁၉၂၀ ပြည့်နှစ်မှစ၍ ဂျီစီဘီအေအသင်းကြီး ပေါ်ပေါက်လာသောအခါ မျိုးချစ်စိတ်ဓာတ်ရှိသော ဆရာစံသည် အသင်းကြီး၏လုပ်ငန်းများကို စိတ်ပါဝင်စားစွာဆောင်ရွက်ခဲ့သည့်အတွက် မော်လမြိုင်ခရိုင် ဂျီစီဘီအေအသင်း၌ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၂၈၆ ခုနှစ် ပေါင်းတည်မြို့၌ကျင်းပသော ဂျီစီဘီအေအသင်းချုပ်ကြီး၏ နှစ်ပတ်လည်ညီလာခံတွင် အစိုးရက လူခွန်တော်နှင့် သဿမေဓအခွန်တို့ အတင်းအကျပ် နှိပ်စက်ကောက်ခံနေမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာ ဥက္ကဋ္ဌအဖြစ် ဆရာစံကို တာဝန်ပေးအပ်ခဲ့သည်။ ၁၂၈၇ ခုနှစ်တွင် ဂျီစီဘီအေနှစ်ခြမ်းကွဲသောအခါ ဆရာစံသည် ဦးစိုးသိမ်း ဂျီစီဘီအေနှင့်ဆက်သွယ်ပြီး အမှုဆောင်လူကြီးတစ်ဦးဖြစ်လာခဲ့သည်။ တစ်ခါ ဦးစိုးသိမ်း ဂျီစီဘီအေနှစ်ခြမ်းကွဲသောအခါ ဆရာစံသည် ဦးစိုးသိမ်းဂျီစီဘီအေမှပါ နုတ်ထွက်လိုက်သည်။

ဂျီစီဘီအေမှ နုတ်ထွက်ပြီးနောက် ဆရာစံသည် လူခွန်တော် အတင်းအကျပ်ကောက်ခံသည်ကို အာဏာဖီဆန်ရန် "ဂဠုန်အသင်း" ဟုခေါ်သော လျှို့ဝှက်အသင်းများကို တည်ထောင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာ ၂၂ ရက်တွင် 'သုပဏ္ဏက ဂဠုန်ရာဇာ' ဘွဲ့ခံ ဆရာစံ၏ ဂဠုန်တပ်သားများသည် သာယာဝတီတိုက်နယ် ရေတိုက်ရွာမှအစပြု၍ ဗြိတိသျှအစိုးရအား ဓားဆွဲကာ ပုန်ကန်ခဲ့ကြလေသည်။ အနီးဝန်းကျင်ရှိ ရွာများကလည်း တစ်ပြိုင်နက် ပုန်ကန်ထကြွခဲ့ကြသည်။ ထိုပုန်ကန်သူတပ်သားများသည် သာယာဝတီမြို့ထဲသို့ဝင်ရန် လေးစုခွဲ၍ ချီတက်ခဲ့ကြသည်။ ဒီဇင်ဘာ ၂၃ ရက်တွင် အင်းရွာဘူတာကို ဝင်စီး၍ ကြေးနန်းရုံကို ဖျက်ဆီးခဲ့ကြလေသည်။ နောက်တစ်နေ့တွင် ဝဲရွာ၌ ခရိုင်သစ်တောဝန်မစ္စတာဖီးကလပ်အား သုတ်သင်ခဲ့ကြသည်။ ဒီဇင်ဘာ ၂၅ ရက်တွင် ဖားရွှေကျော်ရွာ၌ အစိုးရစစ်ပုလိပ်အဖွဲ့နှင့် ရင်ဆိုင်တိုက်ပွဲဖြစ်သည်။ ထိုအချိန်၌ ဂဠုန်တပ်သားဦးရေသည်လည်း ၂၀၀၀ မှ ၃၀၀၀ အထိ တိုးပွားလာခဲ့သည်။ သေနတ်လက်နက်ပေါင်း ၃၀ ကျော် စုဆောင်းရရှိသည်။ ဂဠုန်တပ်သားများကို အစိုးရက ဘားမားရိုင်ဖယ်တပ်ဖြင့် တိုက်ခိုက်ဖြိုခွင်းရာ ဆရာစံသည် အရပ်တစ်ပါးသို့ တိမ်းရှောင်ခဲ့ရသည်။ ထိုသို့တိမ်းရှောင်နေရင်း အခြားဒေသတို့၌လည်း ပုန်ကန်မှုကြီးများ ပေါ်ပေါက်စေရန် စီမံခန့်ခွဲခဲ့လေသည်။

၁၉၃၁ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ရမည်းသင်းခရိုင်တွင်း၊ ဇန်နဝါရီ ၇ ရက်တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့နှင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဟင်္သာတခရိုင် အင်္ဂပူနှင့် မြန်အောင်မြို့များ၌ ပုန်ကန်တော်လှန်မှုများဖြစ်ပွားခဲ့သည်။ ဗြိတိသျှအစိုးရကို ပုန်ကန်ရာနယ်များ တဖြည်းဖြည်းများပြားလာသဖြင့် ဗြိတိသျှအာဏာပိုင်တို့က နယ်ပေါင်း ၁၆ နယ်ခွဲ၍ အတင်းအဓမ္မ အကြမ်းဖက်နှိမ်နင်းခဲ့ကြသည်။ ၁၉၃၁ ခုနှစ် မတ် ၂၅ ရက်တွင် အင်းစိန်ခရိုင်၌ ဂဠုန်တပ်များနှင့် အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားပြီး ဂဠုန်တပ်စခန်းကို ဗြိတိသျှတပ်တို့က ဖြိုခွဲခဲ့သည်။ ထိုအတွင်း ဆရာစံ၏ သတင်းမှာပျောက်နေသဖြင့် ဗြိတိသျှအာဏာပိုင်တို့ကလည်း လိုက်လံစုံစမ်းရှာဖွေလျက်ရှိသည်။

၁၉၃၁ ခုနှစ် ဩဂုတ် ၂ ရက်တွင် ရှမ်းပြည်နယ် နောင်ချိုမြို့အနီး၌ ဗြိတိသျှအာဏာပိုင်တို့က ဆရာစံကို ဖမ်းဆီးရမိခဲ့သည်။ ဆရာစံအမှုကို ဩဂုတ် ၁၅

**ဆရာစံသည် အသက် (၂၀) ကျော်တွင် အောက်ပြည်အောက်ရွာသို့ ပြောင်းရွှေ့ခဲ့ပြီး မော်လမြိုင်ခရိုင် ဘီလူးကျွန်းမြို့နယ် ကမာမိုရွာ၌ မြန်မာဆေးဆရာအဖြစ် အသက်မွေးခဲ့သည်။ ဆေးဆရာဘဝတွင် "လက္ခဏာဇုကျမ်း" နှင့် "ဝိဇ္ဇာသိပ္ပံအင်္ဂုတ္တရကျမ်း"တို့ကို ပြုစုခဲ့သည်။ ထို့ပြင် ဘီလူးကျွန်း ကညော်တလိုင်းဆရာတော်ထံမှလည်း ဗေဒင်ပညာကို သင်ကြားတတ်မြောက်ခဲ့**

ရက်တွင် သာယာဝတီ၌ ခုံရုံးဖွဲ့၍ စစ်ဆေးပြီး ဩဂုတ် ၂၈ ရက်၌ လည်ပင်းကို ကြိုးကွင်းတပ်၍ မသေမချင်း သတ်ရန် အမိန့်ချမှတ်ခဲ့သည်။ အခြားလယ်သမားခေါင်းဆောင်များမှာလည်း တစ်သက်တစ်ကျွန်း ဒဏ်ပေးခံခဲ့ရသည်။ လယ်သမားသူပုန်ခေါင်းဆောင်ကြီး ဆရာစံကား ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက် (၁၂၉၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်) စနေနေ့တွင် ကြိုးပေးကွပ်မျက်ခံရပြီး ကွယ်လွန်ခဲ့ရပေသည်။

ဆရာစံဦးဆောင်သော လယ်သမားအရေးတွင် ထိခိုက်ကျဆုံးခဲ့ရသော တော်လှန်ရေးသမားပေါင်း ၃၀၀၀ မျှရှိသည်ဟု အစိုးရစာရင်းများအရ သိရသည်။ ဆရာစံတပ်သားများသည် ဗြိတိသျှနယ်ချဲ့တို့ကို ရှုပ်ရှုပ်ချွံချွံတွန်းလှန်တိုက်ခိုက်ခဲ့သော်လည်း လက်နက်အင်အား၊ လူအင်အားမမျှခြင်းကြောင့် သူပုန်အဖြစ် စီရင်ခြင်းခံခဲ့ရသော်လည်း မြန်မာတစ်မျိုးသားလုံးကမူ ဆရာစံကို အာဇာနည်သူရဲကောင်းအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ကြပေသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၄-၂-၂၀၂၃ ရက်မှအဆက်

ထွေးရီသည် ကိုအေးဆွေအား မျက်လုံးလေးများ ပြူးကြည့်ပြီး နှုတ်ခမ်းကိုလည်း ထော်နေအောင် လှန်လိုက်ရင်းက ခပ်ဆောင့်ဆောင့် အမူအရာလေးဖြင့် ပြောပြောဆိုဆိုပင် ထွက်သွားတော့သည်။

ဤသို့ဖြင့် ကိုအေးဆွေသည် ရန်ကုန်သို့သွားရန် ရက်မတိုင်မီအတွင်း ထွေးရီနှင့်တွေ့တိုင်း အခြားကိစ္စများအကြောင်းကို ပြောသော်လည်း အပေါက်အလမ်း မတည့်တော့ချေ။ ပြောလိုက်တိုင်း ခွသာပြန်၍ ပြောနေတော့၏။ သူ၏မျက်နှာမှာလည်း ခါတိုင်းကဲ့သို့ ရယ်မောခြင်း မရှိလှတော့။ သူ့မျက်နှာအား ကြည့်လိုက်တိုင်း မသာမယာ ဖြစ်နေသည်ကိုသာ တွေ့ရတော့၏။ ယခင်က နေ့စဉ်နေ့တိုင်း ပေါက်ကရသီချင်းများ ဆိုနေသံကို ကြားရသော်လည်း ယခုတော့ မကြားရ။ သည်လိုဖြင့် ရန်ကုန်သို့ သွားမည့်ရက်သို့ ရောက်ခဲ့လေသည်။

ရန်ကုန်သို့အလာ ကျောက်ပန်းတောင်းမီးရထားဘူတာရုံသို့ အမေနှင့် အဖေတို့အပြင် ဆွေမျိုးနီးစပ်များက လိုက်ပို့ကြသည်။ ထွေးရီလည်း လိုက်ပို့သည့်အထဲတွင် ပါလာသည်။

မီးရထား ထွက်ခါနီးတွင် ကိုအေးဆွေသည် ညှိုးငယ်နေသည့် မျက်နှာလေးဖြင့် မသာမယာ မကြည်မလင်ဖြစ်နေသော ထွေးရီနားသို့ကပ်ကာ -

"ထွေးရီကိုတော့ အစ်ကို နောက်ဆုံးမှာချင်တယ်ကွယ်။ အမေတို့ အဖေတို့ကိုတော့ ဂရုစိုက်ပါနော်။ နင် တတ်နိုင်သလောက်ပေါ့ဟယ်" ဟု အနူးညွတ်ဆုံး၊ အသိမ်မွေ့ဆုံးစကားဖြင့် ပြောလိုက်၏။

ထိုအခါ ထွေးရီသည် ကိုအေးဆွေကိုသာ မျက်လုံးလေး အငေးသားဖြင့် ပြုံးမဲ့မဲ့လေးကြည့်နေရင်းက သူ့ခေါင်းလေးကို အသာညိတ်ပြရှာသည်။ နှုတ်ကမူ ဘာမျှမပြောချေ။ သို့တစေ တစ်ခဏတွင်ပင် သူ၏ မျက်လုံးများမှ မျက်ရည်စများသည်ကား ဝဲ၍လာကာ တပေါက်ပေါက် ကျစီးလာတော့သည်။

ဤသည်များကို ကိုအေးဆွေက တရေးရေး ပြန်၍ မြင်ယောင်လာသည်။

ဒါတွင်မကသေး။ ထွေးရီက မိမိအပေါ် မကြာခဏ နွဲ့ဆိုး ဆိုးတတ်ပုံလေးများ၊ အမြင်မတော်တာတွေ့၍ မာန်မဲဆူပူလိုက်သည့်အခါ စိတ်ကောက်သွားတတ်ပုံလေးများပါ သတိရ အောက်မေ့လာတော့သည်။

သို့သော် ယခုတော့မူ လူကြီးလေးပမာ အလိုက်သိတတ်စွာဖြင့် အမေ၊ အဖေတို့အား ကူညီပေးဖော်ရနေသည့်အတွက် ကိုအေးဆွေမှာ ထွေးရီအား လှိုက်လှဲစွာ ကျေးဇူးတင်လာမိပြန်၏။ "နောင်အခါ အလုပ်ရလို့ အမေတို့ထံ ငွေလေး ဘာလေးများ ပေးပို့ရင်တော့ သူ့အတွက်လည်း လက်ဆောင်ပစ္စည်းလေးများ ထည့်ပို့ရမှာပဲ" ဟု ကိုအေးဆွေက တွေးတောဆုံးဖြတ်မိရင်း စာကို ဆက်ဖတ်ပြန်သည်။

အပွက်နဲ့ အတီထန်းကလည်း ဒီနှစ်မကောင်းဘူးကွယ့်။ အတီထန်းကလည်း သိပ်မထွက်ဘူးကွယ့်။ ထွက်တဲ့အပင်တွေကို လှီးပြန်တော့လည်း မိုးနှောင်းခေါင်ခဲ့တာကြောင့် သိပ်ပြီး အရည်မအောင်ဘူး။ ထဖိုထန်းတွေကိုလည်း အခုတော့ဖြင့် ပြင်စပြုနေပါပြီ။

မင်းအမေကိုလည်း ဆရာနဲ့ခေါ်ပြီး ဆေးကောင်းကောင်းနဲ့ ကုပါတယ်ကွယ်။ မင်းအမေအတွက် ဘာမှ မစိုးရိမ်ပါနဲ့။ ငှါးသားသာ ဖြောင့်ဖြောင့် အလုပ်ရှာပါ။ တို့အတွက် ဘာမှမပူပါနဲ့။

ဒါနဲ့ ပြောရဦးမယ်။ မင်းအမေ နေမကောင်းစက ဆရာခေါ်ဖို့ ငွေလိုတာနဲ့ ကျောက်ပန်းတောင်း ဒေါ်လှတင်တို့ဆီမှာတောင် ငွေသွားလှည့်မလို့ စိတ်ကူးသေးတယ်။ တကယ်လို့ ရရင်အကောင်းသား။ မရတော့ စိတ်မကောင်း ဒေါသဖြစ်ရုံပဲ မဟုတ်လား။ တခြားကပဲ ဖြစ်သလို ရှာကြံပြီး ဆေးဆရာကို ပင့်ခေါ်ကုရတာပေါ့။

ဒီနေရာမှာ မိဘများက တို့အပေါ် ညှာတာမှု မရှိပေမဲ့ သူတို့သမီး ခင်သန်းငွေလေးကျတော့ အတော်သားကလားကွ။ ပြီးခဲ့တဲ့နှစ် သင်္ကြန်ပြီးစ အဖေ နေမကောင်းတုန်းကပေါ့၊ ခင်သန်းငွေလေတို့ကို ငွေ ၁၀၀ လာပေးတယ်။ ငါစားဖို့ ခါတ်စာကိုလည်း ထန်းလှည့်လိုက်လာရင်း ယူလာတယ်။ ငွေပေးတာကို မင်းတော့ မသိပါစေနဲ့တဲ့။ မင်းရန်ကုန်ကို သွားမယ်လုပ်တုန်းက မင်းလာနှုတ်ဆက်တော့ သူက ငွေ ၁၀၀ ကို လမ်းစရိတ်ဆိုပြီး ပေးတာ မင်းက မယူဘူးတဲ့။ အဲဒါ မင်းမယူလို့ တို့ကို ဆေးဖိုးဆိုပြီး ကန်တော့သတဲ့။ ဘယ်လောက်လိမ္မာသလဲကွယ်။ ခုတော့ ပြီးခဲ့တဲ့ ဟိုနှစ်ကတိုင် ခင်သန်းငွေဟာ တက္ကသိုလ်ကျောင်းဆိုလား၊ အဲဒီ မင်းတို့ ရန်ကုန်မြို့တော်ကြီးမှာ သွားနေတယ်လို့ ကြားရတယ်။ ဒီမှာ မရှိဘူးကွယ့်။ ကျောင်းပိတ်တဲ့ အခါမှသာ ပြန်လာတယ်ဆိုတဲ့အကြောင်း သိရတယ်။ တကယ်လို့ သူရှိနေတုန်းနဲ့ ကြုံကြိုက်ရင် အခု မင်းတို့အမေ နေမကောင်းတာကို အနည်းအကျဉ်း အထောက်အကူတော့ရမှာ မုချပဲ။

ကိုအေးဆွေသည် ခင်သန်းငွေ၏အကြောင်းကို စာထဲတွင် ဖတ်ရပြန်တော့လည်း မိမိတို့ အိမ်ထောင်စုအပေါ်တွင် ထားရှိသော ခင်သန်းငွေ၏ စေတနာ၊ မေတ္တာများကို လေးစားရပြန်သည်။

ခင်သန်းငွေမှာ ငွေကြေးတတ်နိုင်သော မိဘများ၏ သားသမီးမို့ တက္ကသိုလ်ပညာကို ဆက်၍သင်နိုင်ခဲ့သည်။ ယခုဆိုလျှင် ဥပစာ အထက်တန်းသို့ပင် ရောက်၍နေချေပြီ။ ကိုအေးဆွေ ရန်ကုန်ရောက်၍ မကြာမီပင် ဗိုလ်ချုပ်ဈေးရှေ့၌ ခင်သန်းငွေနှင့် အမှတ်မထင် တွေ့ရာမှ သူ၏ဖိတ်ခေါ်ချက်အရ သူ့ကျောင်းသို့ မကြာခဏ ရောက်ခဲ့သည်။ သူသည် ဤ ငွေရေးကြေးရေးကိစ္စနှင့် ပတ်သက်၍ ဘာတစ်ခွန်းမျှပင် မဟခဲ့ပေ။ သူတို့သင်ရသည့် သင်တန်းမှ ဘာသာရပ်များအကြောင်း၊ သူတို့ ကျောင်းအကြောင်းနှင့် မိမိအလုပ်အကိုင်များအကြောင်းကိုသာ အဓိကထား၍ ပြောဆိုဆွေးနွေးလေ့ရှိခဲ့သည်။

သည်ကဲ့သို့ ကိုယ်ပြုဖူးသည့် ကျေးဇူးတစ်ရပ်ကို ထုတ်ဖော်၍ ဂုဏ်လုပ်မပြောတတ်သော ခင်သန်းငွေ၏ စိတ်ရင်းစိတ်ထားကို သိရပြန်တော့လည်း ကိုအေးဆွေမှာ ခင်သန်းငွေအား ချီးကျူးရပြန်သည်။ သူ၏မိဘများနှင့်ကား ကွာခြားလှချေသည်။ သူ့မိဘများသည် လူချမ်းသာ လူကုံထံ ထန်းပိုင်ရှင်များပီပီ မိမိတို့အား ထန်းလျက်အပေးအယူ ကိစ္စမှတစ်ပါး တခြားအချိန်များ၌ ဂရုတစိုက် ဆေးဖော်ကြောဖက် မလုပ်ခဲ့ပေ။ ခင်သန်းငွေကမူ သူ့မိဘများနှင့် လားလားမျှ မတူ။ မိမိမရှိပေမင့်လည်း အဖေတို့အား အရေးတယူ ပေးကမ်းကူညီဖော်ရသည်ဟု သိရပြန်တော့လည်း ကိုအေးဆွေမှာ ဝမ်းသာပီတိဖြစ်၍ မဆုံး ဖြစ်နေသည်။

ရန်ကုန်သို့မလာမီ တစ်ချိန်က ကိုအေးဆွေသည် ခင်သန်းငွေထံသို့သွားကာ နှုတ်ဆက်ခဲ့ဖူးလေသည်။ မိမိ၏ အနာဂတ်ဘဝအတွက် ရည်ရွယ်ချက်များကိုလည်း ပြောပြခဲ့ဖူး၏။

"ကိုအေးဆွေရယ်၊ ကိုအေးဆွေရဲ့ ဒီလိုကြီးမားတဲ့ ရည်ရွယ်ချက်တွေကို ငွေ ဒီလိုကြားရတော့ အင်မတန်ပဲ ဝမ်းသာပါတယ်။ ကိုအေးဆွေရဲ့ ဘဝတိုးတက်လိုတဲ့၊ ပြင်းပြတဲ့စိတ်ဆန္ဒကို ချီးကျူးပါတယ်။ ဒါပေမဲ့ ကိုအေးဆွေ၊ ကိုအေးဆွေကို အထင်သေးလို့၊ စော်ကားတယ်လို့တော့ မထင်လိုက်ပါနဲ့။ အလှမ်းကျယ်လို့ အလယ်လပ်နေပါဦးမယ်။ ငွေ အကြံပေးချင်တာက ငွေတို့အတန်းက ကိုကံညွှန့်ရှိတယ် မဟုတ်လား။ သူ့လို အစိုးရစရိတ်နဲ့ သွားရတဲ့ အလယ်တန်းပြဆရာဖြစ်သင်တန်းကို လျှောက်ပါလား။ အဲဒါဆိုရင် ဆူလွယ်နပ်လွယ်နဲ့ မလွဲတမ်းဖြစ်နိုင်တဲ့ကိစ္စပဲ။ ဒီကမှ တစ်ဆင့်တက်ပြီး ကျောင်းဆရာလုပ်နေရင်း ပရိုက်ဗိတ်အနေနဲ့ အင်တာဝင်ဖြေ။ နောက် အစိုးရစရိတ်နဲ့ပဲ ဘီအေ (အီးဒီ) သင်တန်း ဆက်တက်ရအောင် ကြိုးစား။ နောက်ဆုံး အထက်တန်းကျောင်းအုပ်ကြီး ဖြစ်နိုင်အောင်ထိ ဘီအီးဒီသင်တန်းပါ ဆက်တက်နိုင်အောင် ဆက်ကြိုးစားယူသွားပေါ့။ ဟုတ်ဖူးလား ကိုအေးဆွေ။ ငွေပြောတာ ဘယ်လိုသဘောရသလဲဟင်"

"ငွေငွေရဲ့ အကြံပေးချက်ကို အများကြီး ကျေးဇူးတင်ပါတယ်။ ဒါကလည်း မလွယ်ပါဘူး ငွေ။ ဒီသင်တန်းတက်ရဖို့ဆိုတာက အဆက်ကောင်း၊ အကပ်ကောင်းရှိမှ လွယ်တာပါ။ ကဲ ဒါတွေထားပါတော့လေ၊ ကျွန်တော်က ကျွန်တော့်ရည်ရွယ်ချက်နဲ့မို့ပါ"

တကယ်တော့လည်း ကိုအေးဆွေသည် ကျောင်းဆရာအလုပ်ကို လုပ်ကိုင်ဖို့ ဝါသနာ မပါလှပေ။ အမှန်မှာ ကျောင်းဆရာအလုပ်သည် ကလေးသူငယ်များ၏ အသိဉာဏ်ကို ဖွင့်ပေးရသော၊ စိတ်စေတနာ မွန်မြတ်သန့်ရှင်းလှသည့် အလုပ်ဖြစ်သည်ကား မှန်ပါ၏။ သို့သော် ကိုအေးဆွေ၏ အဓိကရည်ရွယ်ချက်မှာ သည့်ထက်မက လူအများရော မိမိပါ တကယ်တမ်း ကြီးပွားတိုးတက်နိုင်မည့် အလုပ်မျိုးကိုသာ လုပ်ချင်သည်။

ထိုကြောင့်လည်း ကိုအေးဆွေသည် နောက်ဆုံးတွင် ခင်သန်းငွေ၏ အကြံပေးချက်များကို ကျေးဇူးတင်စွာဖြင့် ငြင်းပယ်ခဲ့သည့်ပြင် လမ်းစရိတ် ထောက်ပံ့သည့်ငွေကိုပင် အတင်းဇွတ်ငြင်း၍ ထွက်ခဲ့လေသည်။

တံခါးဝသို့အရောက် ပြန်၍ အမှတ်မထင် ကြည့်လိုက်မိသည့်အခါ မိမိအား ဆွေးလျသည့် မျက်လုံးလေးများဖြင့် ဝမ်းနည်းစွာကြည့်နေသော ခင်သန်းငွေ၏ မျက်နှာလေးကို ကိုအေးဆွေက တွေ့မြင်လိုက်ရသည်။

သည်ကဲ့သို့ ခင်သန်းငွေ၏ အကြောင်းများကို စဉ်းစားလာမိသည့်အခါတိုင်း ကိုအေးဆွေ၏ရင်သည် အမြဲလှုပ်ရှားကာ ရင်တဖိုဖို ဖြစ်ရမြဲဖြစ်၏။ နောက်ပြီး အသည်းပြင်ဝယ် နှစ်သိမ့်ကြည်နူးနေသော ခံစားမှုကလည်း အမြဲတစေ ဝင်ရောက်လာလေ့ ရှိလေသည်။ သို့သော် ဤသည်၏ နောက်ဝယ် ဘာရယ်ဟု မခွဲခြားတတ်သော စိုးရိမ်ကြောင့်ကြမှုကလေးများက ကိုအေးဆွေ၏ ဦးနှောက်တွင်းသို့ ဖျတ်ခနဲဆိုသလို အလိုအလျောက် ဝင်ရောက်လာတော့သည်။ သည်တော့လည်း ထိုအတွေးကို ဖျောက်၍ပစ်လိုက်ရပြန်သည်။

ဒီတော့ ငါ့သား။ အဖေ့စာလည်း အတော်ရှည်သွားပြီ။ ငါ့သားကို အဖေတို့ နောက်ဆုံးမှာချင်တာကတော့ တို့အတွက် ဘာမှမပူပါနဲ့။ သံယောဇဉ်မတင်းပါနဲ့။ တို့နှစ်ယောက်ဟာ ထမင်းတော့ ငတ်မသေနိုင်ပါဘူးကွာ။ နောက်ဆုံး ထန်းမတက်နိုင်ဦးတော့၊ အိမ်တကာလည်ပြီး ထင်းပေါက်ပေးတာနဲ့ တို့နှစ်ယောက်ရဲ့ တစ်ဝမ်းတစ်ခါးတော့ စားလောက်မှာပါပဲ။ သားသာ သိပ်မပင်ပန်းတဲ့ စာရေးအလုပ်မျိုး တစ်နေရာရအောင်သာ ကြိုးစားရှာပါ။ နောက်ပြီး ဒီထက် စာတတ်အောင်သင်ပါ။ ရတဲ့ပိုက်ဆံကို မင်းကျောင်းစရိတ် သုံးပါ။ တို့ဆီ မပို့ပါနဲ့။ တကယ်တော့ တို့ကသာ မင်းထံ ပိုက်ဆံပို့ပြီး ပညာသင်ပေးဖို့ ဝတ္တရားရှိတယ်မဟုတ်လား။ နောက်ဆုံးတော့ကွာ မင်းသာ ကြီးပွားချမ်းသာအောင် ကြိုးစားပါ။ မင်း ပညာတွေ ဘာတွေတတ်ပြီး ကြီးပွားချမ်းသာနေတယ်ဆိုရင် အဖေတို့ ကျေနပ်ပါပြီ။ သေလည်း သေပျော်ပါပြီ။

အဖေ၊ အမေတို့နှင့်တကွ အရပ်ရှိ ဆွေမျိုးများ အားလုံး နေကောင်းကြပါတယ်။

သား ကျန်းမာပါစေ

**ဦးဖိုးခ**

**ဆက်လက်ဖော်ပြပါမည်။**

**"ငွေ အကြံပေးချင်တာက အစိုးရစရိတ်နဲ့သွားရတဲ့ အလယ်တန်းပြဆရာဖြစ် သင်တန်းကိုလျှောက်ပါလား။ နောက် အစိုးရစရိတ်နဲ့ပဲ ဘီအေ (အီးဒီ) သင်တန်း ဆက်တက်ရအောင် ကြိုးစား။ နောက်ဆုံး အထက်တန်းကျောင်းအုပ်ကြီး ဖြစ်နိုင်အောင်ထိ ဘီအီးဒီသင်တန်းပါ ဆက်တက်နိုင်အောင် ဆက်ကြိုးစားပေါ့။"**

**တကယ်တော့လည်း ကိုအေးဆွေသည် ကျောင်းဆရာအလုပ်ကို လုပ်ကိုင်ဖို့ ဝါသနာ မပါလှပေ။ အမှန်မှာ ကျောင်းဆရာအလုပ်သည် ကလေးသူငယ်များ၏ အသိဉာဏ်ကို ဖွင့်ပေးရသော၊ စိတ်စေတနာ မွန်မြတ်သန့်ရှင်းလှသည့် အလုပ်ဖြစ်သည်ကား မှန်ပါ၏။ သို့သော် ကိုအေးဆွေ၏ အဓိကရည်ရွယ်ချက်မှာ သည့်ထက်မက လူအများရော မိမိပါ တကယ်တမ်း ကြီးပွားတိုးတက်နိုင်မည့် အလုပ်မျိုးကိုသာ. . .**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

တောင်သူလယ်သမားနေ့ ဂုဏ်ပြုဆောင်းပါး

# တောင်သူလယ်သမား ပြည့်ခွန်အား

နုခန့်ယဉ်(ရစ်ကန်ကြီး)



### စိုက်ပျိုးရေးနိုင်ငံ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် ပုဂံခေတ်မတိုင်မီမှစ၍ နှစ်ပေါင်းထောင်ချီ ရပ်တည်လာခဲ့သော နိုင်ငံဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံသားအများစုမှာ တောင်သူလယ်သမားသို့မဟုတ် လယ်ယာကဏ္ဍအမှီပြု၍ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများဖြစ်ကြသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ လယ်ယာလုပ်ငန်းများဖြင့် အသက်မွေးကြသူများဖြစ်သည်။ ခေတ်အဆက်ဆက်တွင် အရေးပါသော လူတန်းစားတစ်ရပ်ဖြစ်နေသည်။ အင်းဝမြို့ဟောင်းသည် လယ်ကွင်းပေါင်း တစ်ဆယ့်တစ်ခရိုင်နှင့် ဆက်စပ်နေသောကြောင့် သတိုးမင်းဖျားက မင်းနေပြည်တော်အဖြစ် သတ်မှတ်ခဲ့သည်ဟု ဆရာတိုက်စိုး၏ "နေဝင်မြင်သည် ဝရွှေပြည်" စကားပြေတွင် လေ့လာမှတ်သားခဲ့ရသည်။ ထို့ကြောင့် ပုဂံခေတ်ကပင် မင်းနေပြည်တော်များကို ဆန်ရေစပါးပေါကြွယ်ဝသောခရိုင်ဒေသများ၌ တည်ထားကြသည်ကို သိရှိနိုင်ပေသည်။ ထို့ကြောင့် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍသည် အလွန်ပင် အရေးပါပေသည်။




### တောင်သူလယ်သမားနေ့ဖြစ်ပေါ်လာပုံ

ပဒေသရာဇ် ခေတ်အဆက်ဆက်တွင် တောင်သူလယ်သမားတို့၏ အသက်မွေးမှုမှာ ကြီးမားသည့် အပြောင်းအလဲမရှိဘဲ တည်ငြိမ်အေးချမ်းခဲ့သော်လည်း အောက်မြန်မာနိုင်ငံကို နယ်ချဲ့တို့ ကျူးကျော်စစ်နှစ်ကြိမ်ပြုသိမ်းပိုက်ပြီးသောအခါတွင် တောင်သူလယ်သမားတို့ ဘဝမှာ ပြောင်းလဲမှုများစွာ ဖြစ်ပေါ်လာသည်။ ၁၈၆၉ ခုနှစ်တွင် ဆူးအက်တူးမြောင်း ဖွင့်လှစ်နိုင်ခဲ့သဖြင့် အရှေ့နှင့် အနောက်ဆက်ဆံရေးမှာ ပိုမိုပွင့်လင်းလွယ်ကူလာသည်။ ထို့ကြောင့် ၁၈၅၂ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့သည့် အောက်မြန်မာနိုင်ငံမှ ဆန်စပါးကို ပြည်ပတင်ပို့ရန် ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းကို တိုးချဲ့လုပ်ဆောင်ခဲ့သဖြင့် အထက်မြန်မာနိုင်ငံမှ တောင်သူလယ်သမားများ အောက်မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြသည်။

ဆန်စပါးစိုက်ပျိုးမှု အခြေအနေကောင်းလာသောအခါတွင် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံ မြေခွန်တော်လက်စွဲနှင့် မြေနှင့်အခွန်တော်ဥပဒေကို ပြဋ္ဌာန်းလျက် ကုန်သည်များအကျိုးကို ဆောင်ရွက်ခဲ့သည်။ ၁၈၈၆ ခုနှစ် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးချိန်၌လည်း ထိုဥပဒေကိုပင် ဆက်လက်ပြဋ္ဌာန်းခဲ့သည်။ လယ်ယာလုပ်ငန်းတိုးတက်စေရန် မြန်မာတစ်နိုင်ငံလုံးရှိမြေများကို ဂရန်မြေ (အပိုင်စာချုပ်မြေ)၊ အငှားစာချုပ်မြေ ယာယီလုပ်ခွင့်ရမြေ၊ မြေနုကျွန်းမြေ၊ နယ်သစ်ဖွင့်ဒေသမြေဟူ၍ ခွဲခြားသတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ အဆမတန်များပြားလာပြီး မြေလွတ်မြေရိုင်းများကို ခုတ်ထွင်ရှင်းလင်းလျက် လယ်ယာသစ်များ ဖော်ထုတ်လုပ်ကိုင်လာကြသည်။

အင်္ဂလိပ်အရင်းရှင်တို့၏ စီးပွားရေး ဖွံ့ဖြိုးလာသော်လည်း ဒေသခံတောင်သူလယ်သမားများဖြစ်သည့် မြန်မာ့ကျေးလက်နေ လူတန်းစားများ၏ဘဝမှာ လုပ်ငန်းမကျွမ်းကျင်မှု၊ အရင်းအနှီးမရှိမှု၊ အသိပညာအားနည်းမှုတို့ကြောင့် အကြွေးပတ်လည်ဝိုင်းကာ နောက်ဆုံးတွင် လယ်မြေများ ချစ်တီးတို့ထံ ပေးအပ်ခဲ့ရသည်။ ၁၉၃၀ ပြည့်နှစ် ကမ္ဘာ့စီးပွားပျက်ကပ်ဖြစ်ပွားသောအခါတွင် မြန်မာလယ်သမားအများစုမှာ လယ်ယာမဲ့ဘဝသို့ ရောက်ရှိသွားကြရာမှ ဆက်လက်သည်းမခံနိုင်ကြတော့သဖြင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် မြန်မာ့သမိုင်း၌ ထင်ရှားသောတောင်သူလယ်သမားအရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။ ထိုအရေးတော်ပုံကို ဆရာစံက "သုပဏ္ဏက ဂဠုန်ရာဇာ" ဘွဲ့ခံယူကာ သာယာဝတီနယ်အလံတောင်တွင် စခန်းချ၍ အရေးတော်ပုံကို ခေါင်းဆောင်ခဲ့သည်။

အင်္ဂလိပ်တို့သည် ထိုအရေးတော်ပုံကို သုံးနှစ်နီးပါးခန့် ပြင်းပြင်းထန်ထန်နှိမ်နင်းခဲ့ရပြီး ဆရာစံနှင့် ခေါင်းဆောင်များကို ဖမ်းဆီးကွပ်မျက်ခဲ့သဖြင့် တောင်သူလယ်သမားအရေးတော်ပုံ ရပ်နားသွားသော်လည်း မြန်မာပြည်သူများ၏ စိတ်တွင် တော်လှန်ရေးစိတ်ဓာတ်များ နိုးကြားလာခဲ့သည်။ နယ်ချဲ့လက်အောက်တွင် တောင်သူလယ်သမားတို့၏ဘဝမှာ အောက်ကျနောက်ကျဖြင့် နေထိုင်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံလွတ်လပ်ရေးရကာ ဖဆပလအစိုးရက အုပ်ချုပ်ခဲ့သည်။ လွတ်လပ်ရေးရလျှင်ရချင်း ၁၉၄၈ ခုနှစ်တွင်ပင် ဖဆပလအစိုးရက လယ်ယာအလုပ်သမား အနည်းဆုံးလုပ်ခကြေးငွေဥပဒေနှင့် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေတို့ကို ပြဋ္ဌာန်းပေးလျက် လယ်သမားတို့၏ဘဝကို မြှင့်တင်နိုင်ရေးအစီအစဉ်များ ချမှတ်လုပ်ဆောင်ခဲ့သော်လည်း လက်တွေ့တွင် ထူးခြားတိုးတက်မှုမရှိခဲ့ပေ။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာရယူခဲ့သည့်နောက်ပိုင်း တောင်သူလယ်သမားဘဝ မြင့်မားစေရေးဟူသည့်ရည်ရွယ်ချက်ဖြင့် ၁၉၆၃ ခုနှစ် မတ်လတွင် သီးစားချထားရေးဥပဒေ၊ သီးစားချထားရေးနည်းဥပဒေ၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်သည့် ဥပဒေများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လက်တွေ့အောင်မြင်မှုမရှိ၍ ၁၉၆၅ ခုနှစ်တွင် ၁၉၆၃ သီးစားချထားရေးဥပဒေကို ပြင်ဆင်သည့် ၁၉၆၅ သီးစားချထားရေးဥပဒေကို ထပ်မံထုတ်ပြန်ပေးခဲ့ပြီး တစ်ဧကချေးငွေနှုန်းထားကိုလည်း ရှစ်ဆအထိ တိုးမြှင့်ပေးခဲ့သည်။ သို့သော် အခြားမူဝါဒအမှားများကြောင့် စိုက်ပျိုးထုတ်လုပ်မှုကျဆင်းခဲ့ပြီး တာဝန်ကျေစပါးထုတ်လုပ်သည့်အဆင့် ရောက်ရှိခဲ့သည်။

တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံတော်အာဏာကိုရယူခဲ့ပြီး တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကို ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ရာ ထိုဝါဒသဘောထားကြေညာချက်တွင် တောင်သူလယ်သမား၊ အလုပ်သမားများ ခေါင်းပုံဖြတ်ခံဘဝမှ လွတ်မြောက်စေရန် ရည်ရွယ်၍ ဆိုရှယ်လစ်လောကသစ်ကို တောင်သူလယ်သမား၊ အလုပ်သမားတို့အင်အားဖြင့် တည်ဆောက်မည်ဟုပါရှိသည်။ ဤရည်ရွယ်ချက်ဖြင့် လယ်ယာလုပ်ငန်းများအတွက် ဥပဒေ၊ နည်းဥပဒေများ ချမှတ်ပေးခြင်း၊ မြေရှင်စနစ်ဖျက်သိမ်းပေးခြင်း စသည်ဖြင့်လုပ်ဆောင်ပေးခဲ့သည်။ ထို့အပြင် တောင်သူလယ်သမားထုအတွင်း စည်းလုံးညီညွတ်မှုရရှိစေရန်အတွက် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲနှင့် တောင်သူလယ်သမားနေ့ အခမ်းအနားများကို ကျင်းပပေးခဲ့ရာမှ တောင်သူလယ်သမားနေ့ ပေါ်ပေါက်လာရခြင်းဖြစ်သည်။

### တောင်သူလယ်သမားနေ့ကျင်းပခြင်း

တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်မှစ၍ နှစ်စဉ်ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ကြသော်လည်း ၁၉၆၄ ခုနှစ်တွင်ကျင်းပသော တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲကြီးတွင် တက်ရောက်လာသော ကိုယ်စားလှယ်များက ဇန်နဝါရီလမှာ တောင်သူလယ်သမားများ၏ လယ်ယာရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေခြင်း၊ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသကဲ့သို့ ဖြစ်နေခြင်းတို့ကြောင့် တောင်သူလယ်သမားနေ့ကို တော်လှန်ရေးကောင်စီ စတင်အာဏာရယူသည့် မတ်လ ၂ ရက်နေ့တွင် ပြောင်းလဲကျင်းပသင့်ကြောင်းတင်ပြရာမှ ၁၉၆၅ ခုနှစ်မှစ၍ တောင်သူလယ်သမားနေ့ကို မတ်လ ၂ ရက်နေ့တွင် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်သည်။ တောင်သူလယ်သမားတို့သည် မြန်မာလူမျိုးတို့အတွက် အသက်ဆက်နိုင်သော ဆန်စပါး၊ ကောက်ပဲသီးနှံများကို စိုက်ပျိုးပေးရုံသာမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့ကြသည်။ ထို့ကြောင့် ကျေးဇူးရှင်များကို လေးစားဂုဏ်ပြုသည့်အနေဖြင့် တောင်သူဦးကြီးများဟု တင်စားခေါ်ဝေါ်ပြီး တောင်သူလယ်သမားနေ့ကို အသိအမှတ်ပြုကျင်းပပေးခြင်းဖြစ်သည်။

### အစိုးရ၏ပံ့ပိုးဆောင်ရွက်ချက်များ

တောင်သူလယ်သမားတို့၏ ဘဝမြင့်မားရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် ခေတ်အဆက်ဆက်အစိုးရမှ ဆောင်ရွက်ပေးလျက်ရှိသည်။

စာမျက်နှာ ၂၄ သို့ ✤

**"တောင်သူလယ်သမားနေ့ကို ၁၉၆၃ ခုနှစ်မှစ၍ နှစ်စဉ်ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ကြသော်လည်း ၁၉၆၄ ခုနှစ်တွင်ကျင်းပသော တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲကြီးတွင် တက်ရောက်လာသော ကိုယ်စားလှယ်များက ဇန်နဝါရီလမှာ တောင်သူလယ်သမားများ၏ လယ်ယာရိတ်သိမ်းချိန်နှင့် တိုက်ဆိုင်နေခြင်း၊ အင်္ဂလိပ်နှစ်သစ်ကူးကာလကို ဂုဏ်ပြုသကဲ့သို့ဖြစ်နေခြင်းတို့ကြောင့် တောင်သူလယ်သမားနေ့ကို တော်လှန်ရေးကောင်စီစတင်အာဏာရယူသည့် မတ်လ ၂ ရက်နေ့တွင် ပြောင်းလဲကျင်းပသင့်ကြောင်းတင်ပြရာမှ ၁၉၆၅ ခုနှစ်မှစ၍ တောင်သူလယ်သမားနေ့ကို မတ်လ ၂ ရက်နေ့တွင် ပြောင်းလဲကျင်းပခဲ့ခြင်းဖြစ်"**

# လူသွားလမ်း၊ စက်ဘီးလမ်း ကွန်ကရစ်ခင်းပြီးမှုနှင့် လှိုင်တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်မှု ကြည့်ရှုအားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက လှိုင်မြို့နယ် ပါရမီလမ်းနှင့် အင်လျားလေး ကန်စပ်အကြား ပြည်လမ်းနှင့် ပါရမီလမ်းဆုံရာ မီးပွိုင့်အထိ လူသွားလမ်းနှင့် စက်ဘီးလမ်း Interlock ကွန်ကရစ်ခင်းပြီးမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အင်းလျားလေးကန် အတွင်းရှိ ဗေဒါ၊ အမှိုက်နှင့် အညစ်အကြေးများကို စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်းနေမှု၊ ကန်ပေါင်နှင့် ရေလယ်ကျွန်းတွင် မြေယာရှုခင်း ဆောင်ရွက်ထားရှိမှုများ၊ စီးပွားရေးတက္ကသိုလ် ဂန္ဓမာဆောင်၊ ဖွဲကပင်ဆောင်၊ ဟန်လင်းဆောင်နှင့်လှိုင်တက္ကသိုလ် ဝင်းအတွင်း လမ်းဘေးဝဲ/ယာ တစ်လျှောက်နှင့် ပတ်ဝန်းကျင် သာယာလှပရေး သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ လှိုင်ယင်အင်လျား လေးစခန်းနှင့် အင်လျားကန်ကြား အုတ်တံတိုင်း ခြံစည်းရိုး ကာရံနေမှု၊ ရေစီးရေလာကောင်းမွန်ရေး အုတ်ရေမြောင်းများ ဆောင်ရွက်နေမှုနှင့် လမ်းသာယာလှပရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေး နှင့် တာဝန်ရှိသူများက လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆက်သွယ်ရေး ကြိုးများ စနစ်တကျသွယ်တန်းရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်သာကေတ မြို့နယ် ပြည်ထောင်စုတိုင်း ရင်းသားကျေးရွာ (ရန်ကုန်) ၌ ဆိပ်ခံဖော်တံတားတည်ဆောက် ရေးလုပ်ငန်းခွင်ကို ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံး ပြီးစီးရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# နိုင်ငံ့မျိုးဆက်သစ်အင်ဂျင်နီယာများအတွက် အနာဂတ်ကောင်းများ ဖန်တီးပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ် အစဉ်ဖြစ်စေရေး အလေးထား ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်နည်းပညာတက္ကသိုလ်(YTU)သို့ ကြည့်ရှုစစ်ဆေးသည်။ ယင်းသို့စစ်ဆေးရာတွင် ပါမောက္ခချုပ် ဒေါက်တာမြင့်သိန်းက ရှင်းလင်းတင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက နိုင်ငံတော်နှင့် ပြည်သူများ အကျိုးစီးပွားအတွက် ချမှတ်ထားသည့် Moving Forward ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးနိုင်မည့် အင်ဂျင်နီယာ နည်းပညာရည်မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များကို မဟာဗျူဟာစီမံကိန်းနှင့်အညီ မွေးထုတ်နိုင်ရေး ဆောင်ရွက်သွားရန်၊ သုတေသနအဖွဲ့များ ဖွဲ့စည်း၍ ပြည်တွင်း၊ပြည်ပတက္ကသိုလ်များနှင့် ကွန်ရက်ချိတ်ဆက်ကာ Joint Research များကို ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူလူထုဗဟိုပြုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးပေးမည့် အရည်အသွေးမြင့် သုတေသနစာတမ်းများ ရေးသားပြီး နည်းပညာလွှဲပြောင်းပေး၍ သုတေသနရလဒ်များအား ထိရောက်စွာ အသုံးချစေရန်၊ သုတေသနညီလာခံများ၊နည်းပညာပြိုင်ပွဲများနှင့် Project Show များ ပုံမှန်ကျင်းပဆောင်ရွက်ရန်၊ နိုင်ငံ့မျိုးဆက်သစ် အင်ဂျင်နီယာ လူငယ်များအတွက် တောက်ပသော အနာဂတ်ကောင်းများ ဖန်တီးပေးနိုင်သည့် အနှစ်သာရပြည့်ဝ၍ ရလဒ်ညွှန်းကိန်းများ မြင့်မားသည့် နိုင်ငံတကာအဆင့်မီ နည်းပညာတက္ကသိုလ် အစဉ်ဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ သင်ကြားသင်ယူမှုစနစ်နှင့် ဆရာများ အရည်အသွေးမြင့်မားအောင် စဉ်ဆက်မပြတ် ဆန်းစစ်မွမ်းမံသွားရန်၊ ကျောင်းသားများ သင်ကြားဆည်းပူးရာတွင် အဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်ပေးရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် ဆရာများ၊ ကျောင်းသားများ၏ အခက်အခဲတင်ပြမှုများကို ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ၁၉၅၇ ခုနှစ်မှ ၁၉၆၁ ခုနှစ်အတွင်း ဆိုဗီယက်ပြည်ထောင်စု (ရုရှား)နိုင်ငံ၏ စီးပွားရေးနှင့် နည်းပညာအကူအညီဖြင့် တည်ထောင်ဆောက်လုပ်ထားကြောင်း ရေးထိုးထားသည့် အထိမ်းအမှတ် ကျောက်စာတိုင်၊ အဝင်ဂိတ်မှ ပင်မဆောင်ထိ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု၊ ပင်မဆောင်၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုနှင့် ဆိုလာစနစ်တပ်ဆင်သုံးစွဲထားရှိမှု၊ စာသင်ခန်းများ၊ စွန့်ဦးတီထွင် ကျောင်းသား လူငယ်များအတွက် Maker Space အခန်း ပြုပြင်မွမ်းမံမည့်အခြေအနေ၊ စာကြည့်တိုက်တွင် အပြီးသတ်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေ၊ လိပ်ပြာတောင်နှင့် အနီးဝန်းကျင်၊ စင်္ကြံလမ်းများနှင့် ကျောင်းသားအိပ်ဆောင်များ၊ ကျောင်းသားအိပ်ဆောင်သစ် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘောလုံးကွင်း ပြုပြင်ထိန်းသိမ်းမှု၊ ပွဲကြည့်စင်ဆောက်လုပ်ရန် လိုအပ်မှုများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ဖြည့်စွက်တင်ပြမှုအပေါ် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ပရဝုဏ်ဖြစ်စေရေး အလေးထားဆောင်ရွက်ရန်၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို Plan အလိုက် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ပြီးစီးစေရန်နှင့် သန့်ရှင်းသာယာလှပရေး Schedule အတိုင်း ပုံမှန်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



---

✤ စာမျက်နှာ ၂၃ မှ

ရှေးရိုးအစဉ်အလာ လက်မှုလယ်ယာစနစ်မှ ခေတ်မီသောစက်မှုလယ်ယာစနစ်သို့ ပြောင်းလဲအသုံးပြုစေသည်။ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းကို ချဲ့ထွင်စေလျက် ဆည်မြောင်းတာတမံများကို တည်ဆောက်ပေးခဲ့သည်။ ယခင် တစ်သီးစားမှသည် ယခုအခါ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးအောင်မြင်စေခဲ့သည်။ ဆန်စပါးသာမက ရာသီစာအသီးအနှံများကိုလည်း တစ်နှစ်ပတ်လုံးစိုက်ပျိုးလာနိုင်ရန် မြစ်ရေတင်စီမံကိန်းများ ပြုလုပ်ပေးသည်။ စိုက်ပျိုးသည့်သီးနှံ၊ စိုက်ပျိုးပုံနည်းစနစ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ပညာပေးဆောင်ရွက်နေကြပြီဖြစ်သည်။ ခေတ်မီစိုက်ပျိုးရေးကိရိယာများကိုလည်း စနစ်တကျသုံးစွဲနိုင်ရန် သရုပ်ပြသခြင်းများလည်း ပြုလုပ်ပေးသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောကြောင့် တောင်သူလယ်သမားတို့၏ ဘဝမြင့်မားမှုသည် တိုင်းပြည်၏စီးပွားရေးကို များစွာ အထောက်အကူပြုသည်။ စိုက်ပျိုးရေးကဏ္ဍသည် အခြားစီးပွားရေးကဏ္ဍများ၏ ပင်မကျောရိုးဖြစ်သည်။ ကျေးလက်ဒေသ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းများ ချမှတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ပလပ်မြေများကို ယခင်မူလစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် ယာမြေပိုင်ဆိုင်မှုများ ပြန်လည်စိစစ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။ "စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား" ဟူသော ဆောင်ပုဒ်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍကို တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိရာ စီးပွားရေး အခွင့်အလမ်းကောင်းကို လက်မလွှတ်ဘဲ တောင်သူလယ်သမားများအနေဖြင့်လည်း စိုက်ပျိုးမြေများကို စနစ်တကျ ထိန်းသိမ်းပြုပြင်ကြရပေမည်။

## ကျေးဇူးရှင်ဦးကြီးများ

"စပါးရွှေဝါတောင်လိုပုံ၊ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ" ဟူသည့်တေးသီချင်းမှာ ဆန်ရေစပါး ပေါကြွယ်ဝခြင်းသည် မြန်မာပြည်သူ ပြည်သားများအတွက် မင်္ဂလာတစ်ပါးဖြစ်ကြောင်းကို ဖော်ညွှန်းပြနေပေသည်။ စားရေရိက္ခာဖူလုံခြင်းသည် တိုင်းပြည်သာယာဝပြောခြင်းပင်ဖြစ်သည်။ စားရေရိက္ခာဖူလုံရန်အတွက် တောင်သူဦးကြီးတို့၏ စွမ်းအားသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်ပေသည်။ တောင်သူလယ်သမားတို့၏ဘဝ မြင့်မားရေးကို ရှေးရှုဆောင်ရွက်ပေးခြင်းသည် တိုင်းပြည်၏ခွန်အားကိုပါ မြင့်မားစေသည်။ ကောက်သိမ်းချိန်တွင် တောင်သူဦးကြီးတို့၏မလေ့ထုံးစံအရ အလှူဒါနပြုကြခြင်းမှာလည်း ဗုဒ္ဓသာသနာအား ချီးမြှောက်ပြီး သာသနာ့အကျိုးသယ်ပိုးခြင်းပင်ဖြစ်၍ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ ကုန်ထုတ်စွမ်းအားမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြသော တောင်သူလယ်သမားများသည် ကျေးဇူးရှင်ဦးကြီးများပင် ဖြစ်ပေသည်။

## တောင်သူလယ်သမား ပြည့်ခွန်အား

"ပြည့်ခွန်အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုသည့်အတိုင်း စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားအားလုံးတို့ကို ကိုယ်စားပြုသည့် တောင်သူလယ်သမားများသည် တိုင်းပြည်၏ ခွန်အားများပင်ဖြစ်သည်။ စိုက်ပျိုးရေးစွမ်းအားကောင်းမှ ရိက္ခာဖူလုံမည်။ ရိက္ခာဖူလုံမှ ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်။ ပြည်ပမှ ခေတ်မီစက်ပစ္စည်းကိရိယာများ ပြန်လည်ဝယ်ယူနိုင်မည်။ ခေတ်မီနည်းပညာဖြင့် စိုက်ပျိုးရေးစွမ်းအားကို မြှင့်တင်နိုင်မည်။ စီးပွားရေးကျပ်တည်းမှုကိုလည်း ဖြေရှင်းနိုင်ပေမည်။ စီးပွားရေး အခွင့်အလမ်းကောင်းများ ရလာသည်နှင့်အမျှ အလုပ်လက်မဲ့လူဦးရေ လျော့ပါးလာမည်။ တိုင်းပြည်စည်ပင်ဝပြောလာမည်။ ပြည်သူ့လုပ်အားစွမ်းပကားဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ထောင်နိုင်ပေမည်။ ထို့ကြောင့် အခြေခံကျသော စိုက်ပျိုးရေးစွမ်းအားရှင် တောင်သူလယ်သမားဦးကြီးများ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် တောင်သူလယ်သမားနေ့အား ဂုဏ်ပြုအပ်ပါသည်။ ။

**ကိုးကားချက်–**

**၁၉၃၀ပြည့်နှစ် ဆရာစံအရေးတော်ပုံ**

# အာဆင်နယ်အသင်းရဲ့ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးပရီမီယာလိဂ်ဖလားရယူနိုင်ရေးမျှော်လင့်ချက် ပြည့်ဝနိုင်မလား




ပရီမီယာလိဂ် အမှတ်ပေးဇယားရဲ့ ထိပ်ဆုံးမှာရပ်တည်နေတဲ့ အသင်းနှစ်သင်းဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ဖေဖော်ဝါရီ ၂၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရရှိခဲ့ကြပါတယ်။

အာဆင်နယ်အသင်းက လက်စတာစီးတီးအသင်းရဲ့ အိမ်ကွင်းမှာ ပွဲကစားချိန် ၄၆ မိနစ်မှာ သွင်းယူခဲ့တဲ့ မာတီနယ်လီရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး လက်ရှိပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကတော့ ဘုန်းမောက်အသင်းရဲ့ အိမ်ကွင်းမှာ လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အာဆင်နယ်အသင်းက လက်စတာစီးတီးအသင်းကို ခက်ခက်ခဲခဲကစားပြီး အနိုင်ရခဲ့ပေမယ့် မန်စီးတီးအသင်းကတော့ ဘုန်းမောက်အသင်းကို ပထမပိုင်းပွဲကစားချိန်အတွင်းမှာပဲ သုံးဂိုးသွင်းပြီး လေးဂိုး-တစ်ဂိုးဆိုတဲ့ရလဒ်နဲ့ အဝေးကွင်းမှာ အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၅ မိနစ်မှာ အယ်လ်ဗာရက်ဇ်၊ ၂၉ မိနစ်မှာ ဟာလန်း၊ ၄၅ မိနစ်မှာ ဖီးလ်ဖိုဒန်၊ ၅၁ မိနစ်မှာ မီဖမ်း (ကိုယ့်ဂိုးကိုယ်သွင်း)တို့က သွင်းယူပေးခဲ့တာဖြစ်ပြီး ဘုန်းမောက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ၈၃ မိနစ်မှာ လာမာကသွင်းယူပေးခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူးဟာလန်းကတော့ အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ပရီမီယာလိဂ်သွင်းဂိုး ၂၇ ဂိုးရှိသွားပြီဖြစ်ပါတယ်။

လက်ရှိအနေအထားအရ အမှတ်ပေးဇယားထိပ်ဆုံးက အာဆင်နယ်အသင်းက အမှတ်ပေးဇယား ဒုတိယနေရာက မန်စီးတီးအသင်းကို နှစ်မှတ်ဖြတ်နဲ့ ဦးဆောင်ထားတာဖြစ်ပြီး အာဆင်နယ်အသင်းက ပရီမီယာလိဂ်ပွဲစဉ် ၂၄ ပွဲကစားထားကာ မန်စီးတီးအသင်းက ပွဲစဉ် ၂၅ ပွဲကစားထားတာဖြစ်ပါတယ်။

ဒါကြောင့် အမှတ်ပေးဇယားထိပ်က အာဆင်နယ်အသင်းဟာ တစ်ပွဲလျော့အနေအထားမှာ မန်စီးတီးအသင်းကို နှစ်မှတ်အသာနဲ့ ဦးဆောင်ကစားထားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နှစ်သင်းစလုံး ပရီမီယာလိဂ်ပွဲစဉ် ၂၅ ပွဲကစားပြီးချိန်ဖြစ်မယ့် မတ်လ ၁ ရက် အဲဗာတန်အသင်းနဲ့ပွဲစဉ်မှာ အာဆင်နယ်အသင်း အနိုင်ရရှိခဲ့မယ်ဆိုရင် မန်စီးတီးအသင်းကို ငါးမှတ်အထိဖြတ်ကာ ဇယားထိပ်မှာ ဦးဆောင်ခွင့်ရရှိမှာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ ဇယားထိပ်မှာ သိသိသာသာအမှတ်ဖြတ်ကာ ဦးဆောင်နိုင်မယ့် အခွင့်အရေးရှိခဲ့ပေမယ့် ဇန်နဝါရီလနှောင်းပိုင်းနဲ့ ဖေဖော်ဝါရီလအစောပိုင်းမှာ မန်စီးတီးအသင်းကို (အက်ဖ်အေဖလားပွဲစဉ်နဲ့ ပရီမီယာလိဂ်ပွဲစဉ်) ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်နှစ်ပွဲ အပါအဝင် လေးပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းကြောင့် ဒုတိယနေရာက မန်စီးတီးအသင်းနဲ့ ရမှတ်ကွာဟမှုနှစ်မှတ်သာ ရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိအနေအထားအရ အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းတို့ဟာ ပရီမီယာလိဂ်မှာ ဆုဖလားရရှိဖို့ ရေပန်းစားနေတဲ့အသင်းနှစ်သင်းဖြစ်သလို ဥရောပပြိုင်ပွဲတွေမှာလည်း နှစ်သင်းစလုံးအတွက် ဖလားရရှိနိုင်မယ့်အခွင့်အရေးရှိနေသေးတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းက ပရီမီယာလိဂ် ၂၄ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၇ မှတ်၊ မန်စီးတီးအသင်းက ၂၅ ပွဲကစားပြီးချိန်မှာ ရမှတ် ၅၅ မှတ် အသီးသီးရရှိထားတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ မန်စီးတီးအသင်းပြီးရင် မန်ယူအသင်းကလည်း ပရီမီယာလိဂ်ဖလားရရှိဖို့ တတိယရေပန်းအစားဆုံးအသင်းလည်းဖြစ်ပါတယ်။

အာဆင်နယ်အသင်းအနေနဲ့ ယခု ၂၀၂၂-၂၀၂၃ ဘောလုံးရာသီကုန်မှာ ပရီမီယာလိဂ်ဖလားကို ရယူသိမ်းပိုက်နိုင်မယ်ဆိုရင် ၂၀၀၃-၂၀၀၄ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်မှာဖြစ်ပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်ဖလားရရှိခဲ့မယ်ဆိုရင်တော့ ပရီမီယာလိဂ်ချန်ပီယံ ဆုဖလားကို နှစ်ရာသီဆက်တိုက် ရရှိတော့မှာဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးဖို့ နောက်ထပ်လက်ကျန်အနည်းဆုံး ၁၃ ပွဲစီ ကစားရဦးမှာဖြစ်တာကြောင့် ချန်ပီယံဖြစ်လာမယ့်အသင်းက ဘယ်အသင်းလဲဆိုတာ ပြောဖို့စောနေသေးတယ်ဆိုပေမယ့် ဒီရာသီ ရေပန်းအစားဆုံးအသင်းဖြစ်တဲ့ အာဆင်နယ်အသင်း ပရီမီယာလိဂ်ဖလားရရှိခဲ့မယ်ဆိုရင် ဆယ်စုနှစ်နှစ်စုအကြာမှာ ပထမဆုံးအကြိမ် ပရီမီယာလိဂ်ချန်ပီယံဖြစ်ခွင့်ရရှိမလားဆိုတာကတော့ လက်ကျန်ပွဲစဉ်တွေရဲ့ ရလဒ်တွေကို စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

**ငွေကြယ်**
**ရေးသားသည်**




## စီးရီးအေအမှတ်ပေးဇယား ထိပ်ဆုံးတွင် ၁၈ မှတ်ဖြတ်ကာ ဦးဆောင်နိုင်ခဲ့တဲ့ နာပိုလီ

အီတလီစီးရီးအေအမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ နာပိုလီအသင်းဟာ ဖေဖော်ဝါရီ ၂၅ ရက်ညပိုင်းက အမ်ပိုလီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စီးရီးအေပွဲစဉ်မှာ အမ်ပိုလီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ၁၈ မှတ်ဖြတ်ကာ ဆက်လက်ဦးဆောင်ခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

နာပိုလီအသင်းဟာ အမ်ပိုလီအသင်းကို ပွဲကစားချိန် ၁၇ မိနစ်မှာရရှိခဲ့တဲ့ အမ်ပိုလီနောက်တန်းကစားသမား အစ္စမက်လီရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးနဲ့ ၂၈ မိနစ်မှာ အိုဆင်ဟန်းရဲ့ သွင်းဂိုးတွေရရှိခဲ့လို့ နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ နာပိုလီအသင်းဟာ ပွဲကစားချိန် ၆၇ မိနစ်မှာ ပေါ်တူဂီဘယ်နောက်ခံကစားသမား မာရီယိုရူအီ အနီကတ်ပြထုတ်ပယ်ခံခဲ့ရတာကြောင့် တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

နာပိုလီတိုက်စစ်မှူး အိုဆင်ဟန်းကတော့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနောက်ပိုင်း အီတလီစီးရီးအေပြိုင်ပွဲမှာ နောက်ဆုံးရှစ်ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ဂျူဗင်တပ်အသင်းမှာ ကစားခဲ့စဉ်က အီတလီစီးရီးအေပွဲစဉ် ၁၁ ပွဲဆက်တိုက် ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

## ဂါဗွန်တာဒေးဗစ်နဲ့ ရိုင်ယန်ဂါစီယာတို့ ဧပြီလတွင် ယှဉ်ပြိုင်ထိုးသတ်မည်




အမေရိကန်နိုင်ငံရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားနှစ်ဦးဖြစ်တဲ့ ဂါဗွန်တာဒေးဗစ်နဲ့ ရိုင်ယန်ဂါစီယာတို့ဟာ ဧပြီ ၂၂ ရက်မှာ လက်စ်ဗီးဂတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဂါဗွန်တာဒေးဗစ်နဲ့ ရိုင်ယန်ဂါစီယာတို့ဟာ ဧပြီလအတွင်းမှာ ယှဉ်ပြိုင်ထိုးသတ်သွားမယ့်အကြောင်းကို လူမှုမီဒီယာတွေကနေတစ်ဆင့် အတည်ပြုပြောကြားခဲ့တာဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ ဂါဗွန်တာဒေးဗစ်ဟာ ဇန်နဝါရီလအတွင်းက ၎င်းရဲ့ ဒဗလျူဘီအေလိုက်ဝိတ်ခါးပတ်ကို ပြန်လည်ကာကွယ်နိုင်ခဲ့ပြီး ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ ၂၈ ပွဲအထိ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ရာ ၂၆ ပွဲမှာ အလဲထိုးနိုင်ပွဲရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ဂါစီယာကတော့ ဂျာဗီယာဖော်ကျူနာကို အနိုင်ရရှိခဲ့တဲ့ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းက နောက်ဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့တာဖြစ်ပြီး ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝမှာ ၁၉ ပွဲအထိ အလဲထိုးနိုင်ပွဲရရှိခဲ့သူဖြစ်ပါတယ်။



## စိုက်ပျိုးရေးအသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတီထွင်ကြံဆလုပ်ကိုင်

ဘားအံ ဖေဖော်ဝါရီ ၂၆

စိုက်ပျိုးရေးအသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး ပတ်ဝန်းကျင်ထိခိုက်မှုများကို ရှောင်ရှား၍ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်လုပ်ကိုင်ကြကာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတီထွင်ကြံဆ လုပ်ကိုင်ကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့နံနက် ၉ နာရီတွင် နည်းပညာတက္ကသိုလ်(ဘားအံ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် စိုက်ပျိုးရေးသိပ္ပံ (ဇွဲကပင်)ဘားအံမြို့၏ ပဉ္စမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းသည့် အခမ်းအနားတွင် ပြောကြားသည်။

**လူမှုစီးပွားဘဝမြှင့်တင်**

ပြည်နယ်ဝန်ကြီးချုပ်က သုံးနှစ်တာကာလအတွင်း စည်းကမ်းလိုက်နာပြီး ကြိုးစားအားထုတ်မှုကြောင့် ဒီပလိုမာအသီးအပွင့်ကို ရရှိပိုင်ဆိုင်သည့်နေ့တစ်နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်နယ်အတွက် အင်အားဖြစ်စေသောနေ့တစ်နေ့လည်း ဖြစ်ကြောင်း၊ မိမိတို့ သင်ယူတတ်မြောက်ခဲ့သော စိုက်ပျိုးရေးပညာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးရန်လည်း တိုက်တွန်းလိုကြောင်း၊ ဒီပလိုမာနှင့် ရောင့်ရဲမနေဘဲ B.Ag၊ M.Ag နှင့် ပါရဂူဘွဲ့များထိဖြစ်အောင် ကြိုးစားကြစေလိုကြောင်း၊ စိုက်ပျိုးရေးအသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချပြီး ပတ်ဝန်းကျင်ထိခိုက်မှုများကိုရှောင်ရှား၍ ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်ကို ဖော်ဆောင်လုပ်ကိုင်ကြကာ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲတီထွင်ကြံဆ လုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ကြီး (တာဝန်) ဒေါ်ခင်သီတာကျော်က အလယ်အလတ်အဆင့် စိုက်ပျိုးရေးပညာရှင်လက်မှတ် စိုက်ပျိုးရေးဒီပလိုမာပွဲတက်ရယူသူ ၃၇ ဦးနှင့် အဝေးရောက် ဒီပလိုမာရယူသူ ၁၆ ဦး စုစုပေါင်း ၅၃ ဦးကို စိုက်ပျိုးရေးဒီပလိုမာ အပ်နှင်းပြီး အပ်နှင်းပြီးသော ဒီပလိုမာစာရင်းကို လက်မှတ်ရေးထိုးသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒီပလိုမာယူသူများနှင့် ၎င်းတို့၏ မိဘ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးသားချင်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုအားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (အကြိုဗိုလ်လုပွဲ) ပွဲစဉ်များကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

အဆိုပါပြိုင်ပွဲများသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အကြိုဗိုလ်လုပွဲ (ပထမ) ပွဲစဉ်အဖြစ် ရန်ကုန်ဇုန်အသင်းနှင့် မကွေးဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်ဇုန်အသင်းက မကွေးဇုန်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် လည်းကောင်း၊ အကြိုဗိုလ်လုပွဲ (ဒုတိယ) ပွဲစဉ်အဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် ပုသိမ်ဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပုသိမ်ဇုန်အသင်းက မော်လမြိုင်ဇုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ယခုပြိုင်ပွဲများတွင် ထူးချွန်ထက်မြက်သော တက္ကသိုလ်ကျောင်းသား အားကစားသမားများကို တက္ကသိုလ်လက်ရွေးစင်မှ တစ်ဆင့် မြန်မာ့လက်ရွေးစင်အဆင့်သို့ ရွေးချယ်လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခံရသည့် တက္ကသိုလ်အားကစားသမားများအနေဖြင့် အာဆီယံပြိုင်ပွဲများဖြစ်သော အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲတို့တွင် ဆက်လက်ပါဝင် ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ကလေးမြို့နယ်၊ ခန္တီးမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်ဒိုင်းကြီးကျေးရွာနှင့် ခန္တီးမြို့နယ် လာဝယ်ကျေးရွာတို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၄၀ တို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အရိုး/အကြောဆိုင်ရာရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အသည်းရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။



အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရဲဘော်ကွက်သစ်ငွေတော်ကျီကုန်းအုပ်စုအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ ၂၀၅ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါရပ်ကွက်ရှိ သဟပုညကာရီငွေတော်ဓမ္မာရုံ၌ သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အသိပေးဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ အသိပေးဟောပြောပွဲကို ယနေ့ နံနက် ၁၁ နာရီတွင် အမှတ် (၁) အခြေခံပညာ အလယ်တန်းကျောင်း(ဒဂုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ဒဂုံ) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဥမ္မာထွေးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင်စတင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာ အထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အထက်တန်းဆင့်သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း၊ အလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း၊ အခြေခံပညာအလယ်တန်းဆင့် Grade-9 ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃)စိုက်ပျိုးရေးအတတ်ပညာ၊ (၄)မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် လေးမျိုးရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများအကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၁၈ ဆူ | ၂ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၂ | ၄ |
| ၄။ | ဝေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၈. ၇၅ | ၁ | - | ၁ |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | - | ၁ |
| ၇။ | အဝင်မုခ်ဦးငယ်(အနောက်ဘက်) | ၁၂၂၀ | ၁ | - | ၁ |
| ၈။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၉။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၁၀။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၁၁။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၂။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၀. ၀၀ | ၄၅၅ ခန်း | ၇၈ ခန်း | ၃၇၇ ခန်း |
| ၁၃။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၅၀ တိုင် | - |
| ၁၄။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၃ ခု | ၅၀၉ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၅. ၄၀ | ၂၁၁၉. ၅၃ ကျင်း | ၉၁ ကျင်း | ၂၀၂၈. ၅၃ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၇ ကျင်း | ၁၉၁. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၄. ၅၀ | ၅၉၁၀. ၆၆ ကျင်း | ၂၉ ကျင်း | ၅၈၈၁. ၆၆ ကျင်း |
| ၁၉။ | ကြွေပြား ၁ ကျင်းနှုန်း | ၃. ၆၀ | ၁၇၃၆. ၀၈ ကျင်း | ၃၂၈ ကျင်း | ၁၄၀၈. ၀၈ ကျင်း |
| ၂၀။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၅. ၄၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၁။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | ၃ ခု | ၇၉ ခု |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၁၄၆ စုံ | ၃၅၄ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအနက် **လှူဒါန်းနိုင်သောကျောက်စာရုံစေတီအရေအတွက် ၇၂၀ ဆူတွင် လှူဒါန်းရန်ကျန် ၂ ဆူသာကျန်ရှိပါသဖြင့်** ဦးစွာကုသိုလ်ပြုလှူဒါန်းနိုင်ပါရန်နှင့် ကျန်သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဦးအုန်းမြင့်
### သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဦးအုန်းမြင့် အသက် (၇၈)နှစ်သည် ၂၅-၂-၂၀၂၃ ရက် ညနေ ၅:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဦးအုန်းမြင့်
### သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဦးအုန်းမြင့် အသက် (၇၈)နှစ်သည် ၂၅-၂-၂၀၂၃ ရက် ညနေ ၅:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဦးအုန်းမြင့်
### သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဦးအုန်းမြင့် အသက် (၇၈)နှစ်သည် ၂၅-၂-၂၀၂၃ ရက် ညနေ ၅:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဦးအုန်းမြင့်
### သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပင်ရွှေညောင်လမ်းနေ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)၊ သီရိပျံချီ ဦးအုန်းမြင့် အသက်(၇၈)နှစ်သည် ၂၅-၂-၂၀၂၃ ရက်နေ့ ညနေ ၅:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁ အို)၊ မြေကွက်အမှတ်(V-၃၇၀)၊ ဧရိယာ(၀.၀၂၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် မြေအကျိုးခံစားခွင့်နှင့် ယင်းမြေကွက်ပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရေတွင်းကုန်းရပ်ကွက်၊ ၁၂၁-လမ်း၊ အမှတ်(၁၆)ဟုခေါ်တွင်သည့် ၂-ခန်းတွဲ ၂-ထပ် အဆောက်အအုံမှ ပထမထပ်(ဝဲ+ယာ)တိုက်ခန်း/မြေကွက်**
**အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါမြေကွက်နှင့် အဆောက်အအုံ၏ တရားဝင်အမည်ပေါက် ပိုင်ရှင် **ဦးမြင့်ဦး[၁၂/ပဘတ(နိုင်)၀၂၄၀၆၇]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဥ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(စဥ်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(စဥ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

## အထူးဝမ်းနည်းကြေကွဲခြင်း
## သီရိပျံချီ ဦးအုန်းမြင့်
### အသက်(၇၈)နှစ်

မွန်ပြည်နယ်အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဟောင်း သီရိပျံချီ ဦးအုန်းမြင့်သည် ၂၅-၂-၂၀၂၃ရက်(စနေနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရ၍ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မွန်ပြည်နယ်အစိုးရအဖွဲ့**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အောင်(ပျော်ဘွယ်)
### အသက်(၉၃)နှစ်

ပျော်ဘွယ်မြို့နေ (ဦးကျင်ပု-ဒေါ်လှထယ်)တို့၏သမီး၊ (ဦးမြတ်စံ-ဒေါ်သိန်းကြွယ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်-၁၂၀၊ ၃ လွှာ၊ ၉၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးကျော်အေး၏ ချစ်လှစွာသော ဇနီး၊ ဦးဝင်းအောင်-ဒေါ်မဠူမြင့်၊ ဦးညွန့်လွင်-ဒေါ်အေးအေးကြိုင်၊ (ဦးထိန်ဝင်း)-ဒေါ်ကြည်ကြည်သန်း၊ ဦးသိန်းဇော်-ဒေါ်ဥမ္မာညို၊ ဦးထွန်းမြင့်-ဒေါ်ဝေဇင်အောင်၊ ဦးခိုင်ဇော်-ဒေါ်သက်ထားလွင်၊ ဦးနိုင်ငွေးအောင်-ဒေါ်နန်းဥမ္မာတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂၆-၂-၂၀၂၃(တနင်္ဂနွေနေ့) နံနက် (၁၀)နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၃(တနင်္လာနေ့) နံနက်(၁၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၂၃(စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြတ်ဆွေ
### အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၁၀)၊ ၄-လွှာ(အေ)နေ (ဦးကျင်ဝက်)-ဒေါ်ကျင်နီ တို့၏သားလတ်၊ ဦးမြတ်ဦး-ဒေါ်အေးအေးမာ၊ ဦးဝင်းချို-ဒေါ်နီနီအောင် တို့၏ညီ/မောင်၊ ဦးမြင့်ဇော်-ဒေါ်မြင့်မြင့်အေး၊ ဦးမြတ်ထွန်း တို့၏အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ချစ်ကြည်ရေးလမ်းနေ ဦးကျော်ခိုင်-(ဒေါ်ရင်ကြည်)တို့၏သားသမက်၊ ဦးတင်ကိုလတ်-ဒေါ်တင်တင်ဦး၊ ဦးကျော်ကျော်-ဒေါ်စန္ဒာခိုင် တို့၏ ညီ/မောင်၊ ကိုရဲဝင်းထွဋ်-မချစ်ခက်ဝေ၊ ကိုစိုးမိုးအောင်-မနှင်းအိခိုင်တို့၏ အစ်ကို တူ၊ တူမ(၁၀)ယောက်တို့၏ဦးလေး၊ မဥမ္မာခိုင် ၏ခင်ပွန်းသည် ၂၃-၂-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၅-၂-၂၀၂၃ (စနေနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၁)လမ်း၊ အမှတ်(၁၀)၄-လွှာ(အေ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူး စိုးကိုကို
### အသက်(၃၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၅) ရပ်ကွက်၊ မဟာစေတီလမ်း၊ အမှတ်(၁၂၄)နေ ဦးလှစိုး-ဒေါ်ငွေးငွေးအိတို့၏ ချစ်လှစွာသောသားကြီး၊ မသန္တာခင်၏ ခင်ပွန်း၊ မကြယ်စင်ကိုကို၊ မစုသန္တာကိုကိုတို့၏ဖခင်၊ မစုမြတ်အိ၏ အစ်ကိုကြီး၊ လားရှိုးမြို့နေ ဗိုလ်မှူးစိုးကိုကို (DSA-47) ပြန်တမ်းဝင်အမှတ်(ကြည်း) ၄၅၁၁၂ သည် ၂၀-၂-၂၀၂၃(တနင်္လာနေ့) နံနက် ၉ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ရုတ်တရက် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၊ သူရဲကောင်းဗိမာန်တွင် နိုင်ငံတော်အခမ်းအနားဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု






### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## သီရိပျံချီ ဦးအုန်းမြင့်
### ဝန်ကြီးချုပ်(ငြိမ်း)၊ မွန်ပြည်နယ်
### ပြည်ထောင်စုဝန်ကြီး(ငြိမ်း)၊ သတ္တုတွင်းဝန်ကြီးဌာန
## အသက်(၇၈)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နေ (ဦးငွေဂိုင်-ဒေါ်ငွေကျင်)တို့၏သား၊ (ဦးစံသိန်း-ဒေါ်ကျင်လှိုင်)တို့၏ သားသမက်၊ ဒေါ်စန်းစန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်မှူးချုပ်မျိုးမြင့်-ဒေါ်နီနီအုန်း၊ ဦးသက်နိုင်ဦး-ဒေါ်မီမီစိုးညွန့်၊ ဦးမင်းသက်ဦး-ဒေါ်ယဉ်မူယာဝင်း၊ ဦးကြည်မင်းဦးတို့၏ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၂၅-၂-၂၀၂၃ရက် မွန်းလွဲ ၅:၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ(SSC)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၃(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Dr.သင်းသင်းဝေ
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး
### အသက်(၅၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့(၂)ရပ်ကွက်၊ အမှတ်(၂)၊ ဦးလူလမ်းနေ (ဦးစည်နိုင်-ဒေါ်ကြည်လှိုင်)တို့၏သမီးကြီး၊ တိုက် (၆၆)၊ အခန်း(၁)၊ ပေါ်ဆန်းမွှေး(၈)လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏမြို့နယ်နေ ဦးထွန်းအောင်(ဦးစီးအရာရှိ၊ လမ်းဦးစီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၏ဇနီး၊ ဦးဇော်လင်း-ဒေါ်စုဝါဝါလှိုင်ထွေး K & W Store (ငွေဆောင်)တို့၏အစ်မ၊ ကိုသူရထွန်းအောင်-မသိမ့်သိမ့်စိုး၊ မခင်သီရိထွန်းအောင်တို့၏မိခင်၊ ကိုထက်မြက်လင်း၏ အဒေါ်သည် ၂၅-၂-၂၀၂၃ (စနေနေ့)၊ ည ၈:၁၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၂၃(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၃(သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု


## နေ့စဉ်လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများ

- ❖ ကိုယ်ခန္ဓာအလေးချိန်ကို လျှော့ကျစေခြင်း။
- ❖ နှလုံးနှင့် အဆုတ်ကို ကျန်းမာစေခြင်း။
- ❖ နာတာရှည်ရောဂါ ဖြစ်ပွားမှုကို လျှော့ကျစေခြင်း။
- ❖ ကင်ဆာဖြစ်ပွားနိုင်ခြေကို ကာကွယ်ပေးခြင်း။
- ❖ အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- ❖ သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ❖ ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- ❖ စိတ်ပျော်ရွှင်စေခြင်း။
- ❖ အရိုးအဆစ်တွေကို သန်မာစေခြင်း။
- ❖ ကိုယ်ခံစွမ်းအားကို တက်စေခြင်း။
- ❖ သွေးကြောထုံးတာကို သက်သာစေခြင်း။
- ❖ အစာခြေစနစ်ကို ကောင်းမွန်စေခြင်း။
- ❖ အသက်ကြီးရင် ဖြစ်တတ်သော မှတ်ဉာဏ် ယုတ်လျော့ခြင်းမဖြစ်အောင် ကာကွယ်ပေးခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။
(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။
(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်လာရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပြီး မြို့ကြီးပြကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ရမှုများ လျော့နည်းသွားမည်ဖြစ်...**

**❖ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန် လို၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

### ပင်လယ်ရေမြင့်တက်မှုကြောင့် နိုင်ငံအချို့ ပျောက်ကွယ်သွားနိုင်

စာမျက်နှာ » ၁၅

### အာဆင်နယ်အသင်းရဲ့ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီနောက်ပိုင်း ပထမဆုံးပရီမီယာလိဂ်



ဖလား ရယူနိုင်ရေး မျှော်လင့်ချက် ပြည့်ဝနိုင်မလား

စာမျက်နှာ » ၂၅

## MFF RHINO Futsal League-1 ပြိုင်ပွဲ စတင်ကျင်းပ



MIU အသင်းနှင့် AKG အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဖေဖော်ဝါရီ ၂၆

MFF RHINO Futsal League-1 ပြိုင်ပွဲ ပွဲစဉ်(၁)ကို ဖေဖော်ဝါရီ ၂၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။

ပွဲစဉ်(၁)တွင် Generation အသင်းက AMM Brothers အသင်းကို ကိုးဂိုး-နှစ်ဂိုး၊ VUC အသင်းက Dream Team အသင်းကို သုံးဂိုး-တစ်ဂိုး၊ Winner Soccer အသင်းက MFF U-18 အသင်းကို နှစ်ဂိုး-ဂိုးမရှိ လက်ရှိချန်ပီယံ MIU အသင်းက AKG အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဖူဆယ်ချစ်သူအသင်းက Futsal 19 အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○



ဒဂုံစတားအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## MNL ပြိုင်ပွဲတွင် တန်းတက် ဒဂုံစတားအသင်း အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂၆ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ ဒဂုံစတားအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။

**အနိုင်ရခဲ့**

ပွဲစဉ်(၁)တွင် သရေရလဒ်ထွက်ပေါ်ခဲ့သည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် တန်းတက် ဒဂုံစတားအသင်း အနိုင်ရခဲ့သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ရာသီကြိုပြင်ဆင်မှုများစွာ ပြုလုပ်ခဲ့သော်လည်း ရလဒ်မကောင်းသေးဘဲ နှစ်ပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သည်။

**ဦးဆောင်ဂိုးသွင်းယူ**

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲအစ ၎င်းမိနစ်မှာပင် ဝေယံဖြိုးက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၄၂ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် သီဟထက်အောင်က ခေါင်းတိုက်ကာ ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ဒဂုံစတားယူနိုက်တက်အသင်း ဒုတိယဂိုးထပ်မံရခဲ့ပြီး စစ်မုန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ✻